


# အောင်သင်း၏ အတွေးစကား

## အိမ်ထောင်ပြုခြင်း

ယောက်ျားတစ်ယောက် အိမ်ထောင်ပြုလိုက်ခြင်းဟာ လုပ်ဆောင်ဖွယ် ကိစ္စတော်တော်များများထဲက အရေးကြီးတဲ့ ကိစ္စတစ်ခုကိုပြုလိုက်တာပဲ။

(မြန်မာတို့ရဲ့ လူ့အဖွဲ့အစည်း ပြဋ္ဌာန်းချက်အရ) မိန်းမတစ်ယောက် အိမ်ထောင်ပြုလိုက်တာဟာ အရေးအကြီးဆုံး ကိစ္စတစ်ခုကို ဆောင်ရွက်လိုက်ရတာ ဖြစ်နေတယ်။

သင့်ဘဝ၊ ဇန်နဝါရီ၊ ၉၄

## အသိပညာနှင့် ထိန်းကွပ်သောအလှ

မိန်းကလေးတစ်ယောက်ဟာ မွေးသည်ကစပြီး သေသည်အထိ သုံးစွဲသွားနိုင်တာဟာ ရုပ်ရည်မဟုတ်ဘူး။

အသိပညာသာလျှင် ဖြစ်တယ်ဆိုတာကိုလည်းသိတယ်။

လှပတဲ့ရုပ်ရည်ကို ပညာနဲ့ကွပ်ပေးလိုက်တဲ့အခါမှာ

အလှဟာပိုပြီးတောက်ပြောင်လာတယ်ဆိုတာကိုလည်းသိတယ်။

ဒါကြောင့် အပေါင်းအသင်းပတ်ဝန်းကျင်ကစပြီး သတိကြီးစွာနဲ့ဆင်ခြင်နေထိုင်တယ်။

အဲဒီမိန်းကလေးမျိုးဟာ ရှားတာတော့အမှန်ပဲ။

ဒါပေမဲ့ပတ်ဝန်းကျင်ကကိုပဲ ပြန်ပြီးလေးစားရှိသေခြင်း၊

ချစ်ခင်ခြင်းခံရတာကတော့ အဲဒီမိန်းကလေးမျိုးတွေသာလျှင်ဖြစ်ပါတယ်။

မျိုးဆက်သစ်

**လူ့ဘဝတွင် အရာရောက်လှသောအရာ**

ပြန်ပြီးတစိမ့်စိမ့် စဉ်းစားကြည့်လိုက်တော့

လူ့ဘဝတွင်ဘယ်သူကမှ တရားဝင်အခွင့်အရေးမပါဘဲလျှက်

အရာရောက်နေသည်မှာ အချစ်ဆိုသောကိစ္စပင်ဖြစ်သည်။

မအိုသေးတဲ့ သူ

ပေဖူးလွှာ၊ နိုဝင်ဘာ၊ ၈၆

**အချစ်နှင့်မျက်စိ**

အချစ်မှာ မျက်စိမရှိဘူးနော်၊ မှန်တယ်။

ဒါပေမယ့် ဦးနောက်မှာတော့ဖြင့် မျက်စိရှိရလိမ့်မယ်။

အမွှေ

**အချစ်ကို အချိုသတ်ထားပါ**

ပညာသင်နေတဲ့အခါမှာ အိမ်ထောင်ကျမသွားအောင်

အချစ်ကို အချိုသတ်ထားပါ။

အမွှေ

**ဒေါင်းမြီးတွေရဲ့အလှ**

ဒေါင်းမြီးရဲ့အလှဟာ ဒေါင်းတွေရဲ့အသက်ကို အန္တရာယ်ပြုနေတယ်၊

ဒေါင်းသားကိုစားချင်တာထက် ဒေါင်းမြီးကိုလိုချင်ကြလို့ဒေါင်းတွေကိုသတ်နေကြတာ မဟုတ်လား။

မိန်းကလေးတွေမှာလည်း လှရင် အဲဒီအလှဟာ အန္တရာယ်တစ်ခုလို ဖြစ်လာတက်တယ်။

မျိုးဆက်သစ်

**ငယ်ငယ်မှာ စန်းပွင့်လွန်းရင်**

လှရင် စန်းပွင့်စမြဲပေါ့ ။

ဒါပေမယ့် ငယ်ငယ်မှာ'စန်းပွင့်' လွန်းရင်

ဘဝမှာ လာဘ်တိတ်သွားတက်တာကို သတိပြုသင့်တယ်။

မျိုးဆက်သစ်

**အမှားနဲ့ ခဲဖျက်**

မှားတာတော့ရှိကြစမြဲပေါ့ ၊

လူတိုင်းမှားတက်ကြလို့လည်း ခဲတံတွေမှာ ခဲဖျက်တပ်ထားရတာပေါ့၊

ဒါပေမယ့် တချို့ အမှားတွေကခဲဖျက်နဲ့ဖျက်လို့မရဘူးနော်။

စာပေထဲက လူငယ့်သမိုင်း

မန်း၊ ဓမ္မသာလာစာပေ ဟောပြောပွဲ

## ရည်းစားနှင့် ထဘီ

(နင်တို့မိန်းကလေးတွေဟာ) တစ်သက်လုံးပေါင်းရမယ့် လင်လောင်းလျာ ရည်းစားထားတာကျတော့ ထဘီရွေးသလောက်မှ အပင်ပန်းခံပြီး ရွေးပါရဲ့လားလို့ အောက်မေ့မိတယ်။

ထဘီကျတော့ ကိုယ်နဲ့လိုက်ရဲ့လား၊ အိမ်မှာရှိတဲ့ အင်္ကျီတွေ ၊ လက်ကိုင်အိတ်တွေနဲ့ လိုက်ပါ့ မလား ဆိုတာ စဉ်းစားကြတယ်။

ရည်းစားထားလိုက်တော့ ငါ့စိတ်နေစရိုက်နဲ့သင့်ပါ့မလား၊ ငါ့မိဘဆွေမျိုးဝန်းကျင်နဲ့ သူနဲ့ အဆင်ပြေပါ့မလား ဆိုတာမျိုး စဉ်းစားကြပါရဲ့လားလို့တွေးမိတယ်။

ထဘီသင်ခန်းစ

(တစ်ခါတုန်းကတပည့်တွေ) ရုပ်ရှင်ကြေးမုံ

## မိခင်တွေ အသိပညာမြင့်မှ

နပိုလီယန်နှင့် မဒမ်ကင်ပန်ဆိုသောအမျိုးသမီးကြီးတို့၏အမေးအဖြေကို သွားပြီးသတိရလိုက်မိသည်။

"ပြင်သစ်လူငယ်တွေကို မြှင့်တင်ဖို့ အလိုအပ်ဆုံးဟာဘာဖြစ်မယ်ထင်ပါသလဲ"

"မိခင်ကောင်းတွေပါပဲရှင်"

"အောင်မလေး၊ စကားတစ်လုံးတည်းနဲ့ စနစ်ကြီးတစ်ခုပြီး သွားတာပါပဲလား ကရို့ "

မှန်ပါသည်။ မိခင်တွေ (အမျိုးသမီးတွေ)အသိပညာမြင့်မလာဘဲ မျိုးဆက်သစ်လူငယ်တွေ မြင့်မလာနိုင်ပါ။

သို့မှသာ "အမေ့သားကောင်းများ" မြောက်မြားစွာပေါ်ထွက်လာမည်ဟု ကျွန်တော်ယုံကြည်ပါသည်။

အမေ့သား

သရဖူ၊ ဇူလိုင်၊ ၉၅

## မိမိကိုယ်သာ ကိုးကွယ်ရာ

လူငယ်ဘဝတွင်ဖြစ်စေ၊

လူကြီးဘဝရောက်သောအခါတွင်ဖြစ်စေ ၊

မိသားစုတစ်ခု အနေဖြင့် ဖြစ်စေ ၊

နိုင်ငံတစ်နိုင်ငံ အနေဖြင့် ဖြစ်စေ ၊

နိဗ္ဗာန်မဂ်ဖိုလ် ရရာရကြောင်း၌ ဖြစ်စေ ၊

"မိမိကိုယ်သာ ကိုးကွယ်ရာ" ဟုသေသေချာချာ နှလုံးပိုက်ရတော့မည်ဖြစ်ပါသည်။

စာစီစာကုံး

## အချိန် ဖြုန်းတီးမှု

အထူးသဖြင့် (ကျွန်တော်တို့လူငယ်များ) ရက်ရက်ရောရော ဖြုန်းတီးနေသည့်အရာမှာအချိန်ဖြစ်သည်။ လူငယ်တိုင်းသည် အချိန်ကိုဘယ်လောက်ပင်သုံးသုံး ထာဝရမကုန်ခန်းနိုင်သောအရာကြီးဟု အမှတ်မထင် အောက်မေ့နေတက်ကြပါသည်။

စင်စစ်အားဖြင့် အချိန်ဆိုသည်မှာ ဘယ်တော့မှပြန်မရနိုင်အောင်ဆုံးရှုံးတက်သည့်အရာဖြစ်ကြောင်း နိုးနိုးကြားကြားသတိပြုသင့်ပါသည်။ လူငယ်များသာမက နိုင်ငံဝန်ထမ်းအချို့ပင်လျှင်လည်း နိုင်ငံတော်ပိုင် အချိန်များကို ဖြုန်းတီးနေတက်ကြပါသည်။

စာစီစာကုံး

## ရွှေတာမြိုးခြံမှ

ကမ္ဘာမြေကြီးမှထုတ်ပေးလိုက်သော အစားအသောက်ပစ္စည်းများသည် ဤကမ္ဘာမြေကြီးပေါ်တွင်မှီတင်း နေထိုင်သော လူသား၊ သတ္တဝါအားလုံး အတွက်ဖြစ်သည်ဟု သဘောပိုက်သင့်ပါသည်။ ငွေကြေးချမ်းသာသူတို့ ထင်သလိုဖြုန်းတီးပစ်ရန်၊ အပျော်လွှင့်ပစ်ရန်မဟုတ်ပါ။ ထို့ကြောင့် မိမိပိုင်ပစ္စည်းပါပဲဟု ထင်သလိုဖြုန်းတီး နေသူတို့သည် လူ့လောကကြီးကို မထီမဲ့မြင်ပြုရာရောက်သည့်အပြင် မိခင်မြေကြီး၏ ကျေးဇူးတရားကို မျက်ကွယ်ပြုရာရောက်သည်ဟု ဆိုချင်ပါတော့သည်။

စာစီစာကုံး

## လူငယ်တွေ ခိုင်ခိုင်မာမာ သိထားဖို့

(မိန်းကလေး လူငယ်များအပါအဝင်) ယနေ့လူငယ်တို့သည် မိမိတို့ဘဝ၊ မိမိတို့ခေတ်၊ မိမိတို့နိုင်ငံတော်အတွက် ကဏ္ဍသစ်ဖွင့်ရမည်။ သမိုင်းတစ်လျှောက်မှာဘာတွေဖြစ်ခဲ့ ဖြစ်ခဲ့၊ ဘယ်အခြေအနေကိုပဲရောက်နေနေ ငါတို့ခေတ်ကို ငါတို့ဖန်တီးမည်။ ဖန်တီးနိုင်အောင်လည်း ကြိုးစားမည်ဟူသောစိတ်မျိုးလူငယ်များ၏ နှလုံးသားတွင် ကိန်းဝပ်နေစေချင် သည်။ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့်၊ ဘယ်စနစ်ကြီးကြောင့် စသည်ဖြင့် ဟိုဟာလွှဲချ၊ ဒီဟာလွှဲချနှင့် ဆင်ခြေကန်ပြီး ယောင်ပေပေ လုပ်နေသည့်အဖြစ်မျိုးမှ လွတ်မြောက်စေချင်သည်။ အရေးကြီးသိထားဖို့ (အမှတ်ထင်ထင်၊ ခိုင်ခိုင်မာမာကြီး သိထားဖို့) လိုအပ်သည်က လူကြီးဆိုသည်မှာ သေဖို့နီးလာသောသူများကိုခေါ်ကြောင်း(မှတ်မိနေကြဖို့) ပင်ဖြစ်သည်။

အမေ့သား

သရဖူ၊ ဇူလိုင်၊ ၉၅

## လောကဓံ

လူဆင်းရဲပေမယ့် စိတ်မဆင်းရဲစေနဲ့။ စီးပွားကျပေမယ့် စိတ်မကျစေနဲ့။ ချမ်းသာခြင်းဟာ သခ်ီရပဲလို့ပြောကြတယ်။ ဆင်းရဲခြင်းဆိုတာလည်း သခ်ီရပဲဆိုတာမြဲမြဲမှတ်ထား။ နင်တို့လင်မယား အမြဲနွမ်းပါးနေမှာမဟုတ်ဘူး။

ပိုင်ရှင်မရှိတဲ့ ခွေးလေခွေးလွင့်တောင်မှ သူ့ဘဝမှာနေ့ကောင်းရက်သာ ရက်ရာဇာဆိုတာ ရှိစမြဲပဲ။ ဘာမှအားမငယ်နဲ့ အခိုက်အတန့်လို့သဘောထားပြီးကြိုးစားကြ ၊ လင်မယားချင်း စကားမများအောင်နေကြ ။

ကလေးတွေမုန့်ဖိုး

(တခါတုန်းကတပည့်တွေ)

## ကြီးပွားမှုနှင့်ဗေဒင်

ကိုယ်ဖတ်ဖူးတဲ့ အတ္ထုပ္ပတ္တိတွေကို မှတ်မိသလောက်ပြန်ပြီး စဉ်းစားကြည့်လိုက်တော့ ဗေဒင်လက္ခဏာက ဟောလိုက်တဲ့ အတိုင်းဆောင်ရွက်လို့ ကြီးပွားလာခဲ့ရတယ်ဆိုတာမျိုး တစ်ခါမှုမတွေ့ဖူးပါဘူး။ စိတ်ဆန္ဒပြင်းပြလွန်းလို့ အောင်မြင်ကြီးပွားသွားတယ်ဆိုတာမျိုးကိုပဲ တွေ့ရတက်လေ့ရှိပါတယ်။

ဗေဒင်နှင့်ဘဝရည်မှန်းချက်

သင့်ဘဝ၊ ဇူလိုင်၊ ၉၄

**ဖေဒင်မေးမယ့်အစား**

ဖေဒင်လက္ခဏာဆရာကို တိုင်ပင်မယ့်အစား ဗဟုသုတဉာဏ်အမြော်အမြင်ကြီးသော၊ သမာဓိလည်းရှိသော၊ မိမိအပေါ်တွင်လည်း မေတ္တာထားသော ပုဂ္ဂိုလ်မျိုးကိုတိုင်ပင်ကြည့်တာက ပိုပြီးကောင်းကျိုး သက်ရောက်စရာရှိပါတယ်။

ဖေဒင်နှင့်ဘဝရည်မှန်းချက်

သင့်ဘဝ၊ ဇူလိုင်၊ ၉၄

**ဖေဒင်ဆရာက တာဝန်မယူ**

ဖေဒင်ဟောတဲ့အတိုင်းလုပ်လိုက်လို့ အမှောက်မှောက်အမှားမှားဖြစ်သွားရင် ဘယ်ဖေဒင်ဆရာကိုမှ တရားစွဲလို့မရဘူး၊ ဘယ်ဖေဒင်ဆရာကမှလဲ သူ့မှာတာဝန်ရှိပါတယ်လို့ပြောမှာမဟုတ်ဘူး။

ဖေဒင်နှင့် ဘဝရည်မှန်းချက်

သင့်ဘဝ၊ ဇူလိုင်၊ ၉၄

**အပေါင်းအသင်း ပတ်ဝန်းကျင်**

လူဆိုတာ ပတ်ဝန်းကျင်တစ်ခုထဲမှာတော့ အမြဲရောက်နေရတာမဟုတ်လား။ ဒီတော့ . . .

(၁) " အပေါင်းအသင်း ပတ်ဝန်းကျင်ဟာသိပ်အရေးကြီးတယ် " ဆိုတာကို ခိုင်ခိုင်မာမာ လက်ခံထားသင့်ပါတယ်။

(၂) မိမိပတ်ဝန်းကျင်ကို မကြာခဏ နီးနီးကြားကြားစစ်ဆေးနေသင့်တယ်။

(၃) မကောင်းတဲ့ ပတ်ဝန်းကျင်ကို စွဲလမ်းတွယ်တာနေမိပြီဆိုရင် . . . " ငါဘဝ နစ်မွန်းဖို့သေချာနေပြီ " ရယ်လို့ ရဲရဲဝံ့ဝံ့ ခိုင်ခိုင်မာမာ သတ်မှတ်သင့်ပါတယ်။

(၄) မကောင်းတဲ့အစွဲ၊ မကောင်းတဲ့ ပတ်ဝန်းကျင်ကို ကောင်းတဲ့အစွဲ၊ ကောင်းတဲ့ပတ်ဝန်းကျင်နဲ့ အစားထိုးပြီး ဖြတ်ဖို့ နီးနီးကြားကြား ကြိုးစားသင့်ပါတယ်။

မျိုးဆက်သစ်

**ရဲဆေးတင်တယ် ဆိုတာ**

အရက်ကလေးနည်းနည်း ဝင်သွားလိုက်သောအခါ သာမန်အခါထက် ပြောရဲဆိုရဲ၊ လုပ်ရဲကိုင်ရဲဖြစ်လာတတ်သောကြောင့် " ရဲဆေးတင်သည် " ဟုအရက်ကိုပင် ဂုဏ်တင်ပြောဆိုတတ်ကြသည်။ စင်စစ်အရက်ဝင်သွားသောကြောင့် ဆင်ခြင်ဉာဏ်အားနည်းသွားခြင်း၊ အရှက်အကြောက်နည်းသွားခြင်းသာဖြစ်၍ "ရဲဆေးတင်သည် " ဟုဆိုခြင်းထက် " ရှက်ကြောက်ကင်းဆေးတင်သည် " ဟုဆိုမှ ပို၍မှန်နိုင်မည်ဖြစ်သည်။

စာစီစာကုံး

**လူမိုက်နှင့် လူလိမ္မာ**

လူလိမ္မာတို့သည် တစ်ပါးသူ၏အမှားမှ သင်ခန်းစာကိုယူတတ်၏ ။

လူမိုက်တို့ကား ကိုယ်တိုင်မှားမှ သင်ခန်းစာကိုရကြ၏ ။

ပို၍မိုက်မဲသောသူတို့ကား ကိုယ်တိုင်မှားပါလျက်နှင့်ပင် သင်ခန်းစာမယူတတ်ကြကုန်။

မျိုးဆက်သစ်

## သိသူမသိသူ

၁။ အကြင်သူသည် မသိ။ မိမိမသိကြောင်းကိုလည်း မသိ။ ထိုသူကား လူမိုက်တည်း။ ရှောင်ပါ။

၂။ အကြင်သူသည် မသိ။ မိမိမသိကြောင်းကိုကားသိ၏။ ထိုသူကား လူရိုးတည်း။ ကူညီလိုက်ပါ။

၃။ အကြင်သူသည် သိ၏။ မိမိသိကြောင်းကိုကား မသိ။ ထိုသူကား အိပ်ပျော်နေသူတည်း။ နှိုးလိုက်ပါ။

၄။ အကြင်သူသည် သိ၏။ မိမိသိကြောင်းကိုလည်း သိ၏။ ထိုသူကား ပညာရှိတည်း။ ဆည်းကပ်ပါ။

(တရုတ်စကားပုံ)

အမွှေ

## စာဖတ် ဝါသနာ

စာဖတ်ဝါသနာကို ပျိုးထောင်လိုက်မိခြင်းသည် လူငယ်တစ်ယောက်၏ ဘဝကို တိုးတက်သွားစေနိုင်သည်သာမက ပျက်စီးခြင်းဘေးမှလည်း ကာကွယ်လိုက်နိုင်ပါသည်။

စာစီစာကုံး

## အားလပ်ချိန်၏ အန္တရာယ်

အားလပ်ချိန်များသည် လူငယ်များအား ပျက်စီးခြင်းတွင်းဝသို့ပို့ပေးရန် အသင့်စောင့်ဆိုင်းနေသော ကူးတို့ဆိပ် ကြီးများသဖွယ် ဖြစ်နေတက်သည်။

စာစီစာကုံး

## နေရိပ်အလှ နေပူကစောင့်

ယနေ့ချမ်းသာမှုကလေးသည် တစ်သက်တာ ဆင်းရဲမှုကြီးကို ဖန်တီးနိုင်သကဲ့သို့ ယနေ့ဆင်းရဲခြင်းသည်လည်း တစ်သက်တာချမ်းသာမှုကို ပေးနိုင်စွမ်းရှိချင်ရှိနေတက်သည်။ ခဏတဖြုတ်အရိပ်ကလေးကို မက်မောနေလိုက်မိသော ကြောင့် ဘဝနေဝင်ချိန်တိုင်အောင် တစ်သက်တာလုံး ဘဝနေပူကြီးထဲ၌ နေရသည့် အဖြစ်မျိုးကို မည်သူမျှလိုလားမည် မဟုတ်။ ထို့ကြောင့် လူတိုင်းသည် ရှေ့ရေးကိုမျှော်ကာ ဆင်းရဲပင်ပန်းမှုကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကြရမြဲဖြစ်ပါသည်။

စာစီစာကုံး

## အတုလုပ်သူသည် အသစ်မထွင်နိုင်

ကမ္ဘာပေါ်တွင် အတုပစ္စည်းထုတ်လုပ်ရောင်းချရာ၌ နာမည်ကြီးနေသော မြို့ကြီး၊ ဒေသကြီးများကို အထင်သေးသည့်စိတ် မွေးပါ။ အတုလုပ်သောသူတို့သည် " အသစ်ထွင် " နိုင်သည့်အဆင့်သို့ မည်သည့်အခါတွင်မျှ မရောက်နိုင်တော့ကြောင်းကို သတိပြုပါ။

လူငယ်နှင့် ဤပညာ

ဖူးသစ်ဝေ

**အလိုလို ကုသိုလ်ရနေသူများ**

သီးခြားအထူးကုသိုလ်ပြုနေစရာမလိုဘဲ မိမိဝတ္တရားကို (ကောင်းမွန်စွာ) ဆောင်ရွက်လုပ်ကိုင်နေရုံနှင့် ကုသိုလ်ရနေသူသုံးဦးရှိသည်တဲ့။ ထိုသူများကတော့ ရဟန်းတော်၊ ပြည့်ရှင်မင်းနှင့် အိမ်ရှင်မ (ဇနီး) တို့ဖြစ်ကြသည်။

စောင့်စည်းမှု

သင့်ဘဝ၊ ဖွန်၊ ၉၅

**ကလေးကို လူကြီးလို ပြင်လိုက်ရင်**

ကလေးဟာ ကလေးလိုလှမှ ချစ်စရာကောင်းတာ။ ကလေးကို လူကြီးလိုပြင်ပေးလိုက်ရင် လူကြီးလိုလည်း မလှဘူး၊ ကလေးလိုလည်း မလှတော့ဘူး။

ကိုယ်တွေ့

စာစီစာကုံး

**သေမင်း မခိုးနိုင်သော အရာ**

ပညာသည် သေခြင်းတရားကိုပင် မမှုသောစွမ်းရည်ရှိသည်။ တစ်နည်းဖြင့်ဆိုသော် သေမင်းသည် လူကိုခိုးယူနိုင်စွမ်း ရှိသော်လည်း ပညာကိုကား ခိုးယူနိုင်စွမ်းမရှိပါချေ။ သေခြင်းသဘောကို မြတ်စွာဘုရား သခင်သော်မှလည်း လွန်ဆန်နိုင်ခြင်းမရှိသောကြောင့် ပရိနိဗ္ဗာန်စံတော်မူရသေးသည်။ သို့သော် မြတ်စွာဘုရား သခင်ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူခဲ့သည့် နိဗ္ဗာန်ရောက်ကြောင်း မဂ်ဖိုလ်တရားပညာမှုကား ယနေ့တိုင်ကျန်နေခဲ့ပါသည်။ ထို့ကြောင့် ပညာတည်းဟူသောရွှေအိုးကို လူမဆိုထားနှင့် မီးလည်းမခိုးနိုင်ပါ။ သတ္တဝါဟူသမျှ၏အသက်ကို ခိုးယူလေ့ရှိသည့် သေမင်းသော်မှမခိုးနိုင်ပါဟု ဆိုရမည်ဖြစ်ပါသည်။

(စာစီစာကုံးများနှင့် တွေးနည်း ရေးနည်း)

ပညာရွှေအိုးလုမခိုး

**ပညာ သင်ယူခြင်း**

ပညာသင်ယူခြင်းဆိုသည်မှာ လူသားမျိုးဆက်တစ်ခုမှတစ်ခုသို့ အတွေ့အကြုံလက်ဆင့်ကမ်းခြင်းဖြစ်သည်။

(စာစီစာကုံးများနှင့် တွေးနည်း ရေးနည်း)

**ပညာ၏ ရည်ရွယ်ချက်**

ပညာသင်ခြင်း၏ အခြေခံရည်ရွယ်ချက်မှာ မိမိဘဝကိုမိမိဘာသာရပ်တည်နိုင်ရန် လေ့ကျင့်ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

(စာစီစာကုံး)

**တိုင်းပြည်ကို မြှင့်လိုလျှင်**

လူက တိရစ္ဆာန်ထက်သာသည်ဟုဆိုနိုင်သည်။ သို့သော် တိရစ္ဆာန်က လူထက်သာသောနေရာပေါင်းများစွာ ရှိသည်။ ခွေးတစ်ကောင်သည် သူ့သခင်၏အနံ့ကို ခွဲခြားသိနိုင်သည်။ ဆင်သည်လူထက်အားကြီးသည်၊ လူသည် ငါးလောက် ရေမကူးနိုင်၊ သမင်ပြေးသလောက် မပြေးနိုင်။ သို့သော် လူကဉာဏ်ပညာကြီးသည်။ ထို့ကြောင့် မိမိထက် အင်အားကြီးသော ဆင်ကိုချွန်းပေါက်ပြီး သစ်ဆွဲခိုင်းသည်။ သမင်ကို

လေးများဖြင့် ပစ်ခတ်စားသောက်သည်။ ဤသို့အားဖြင့် လူသည်ဉာဏ်ပညာကို လက်နက်ပြုပြီး တိရစ္ဆာန်များကို လွှမ်းမိုးနိုင်ခဲ့သည်။

လူကပညာကြီးသောကြောင့် တိရစ္ဆာန်များကို လွှမ်းမိုးနိုင်ခဲ့သည်ဆိုပါလျှင်၊ လူအချင်းချင်းတွင်လည်း ပညာကြီးသူက ပညာနည်းသူကို လွှမ်းမိုးနိုင်မည်မှာသဘာဝပင်ဖြစ်သည်။ ထို့အတူ ပညာကြီးသောလူမျိုးက ပညာနည်းသောလူမျိုးကို လွှမ်းမိုးနိုင်ပေလိမ့်မည်။ ထို့ကြောင့် မိမိတိုင်းပြည်နှင့်လူမျိုးကို မြှင့်တင်လိုသည်ဆိုပါလျှင်၊ မိမိ တိုင်းပြည်နှင့်လူမျိုးကို စောင့်ရှောက်လိုသည်ဆိုပါလျှင် ပညာမြင့်အောင် ကြိုးစားကြပေလိမ့်မည်။

ပညာသင်ယူခြင်း (စာစီစာကုံးများ)

**ပညာလိုသော် မပျင်းနှင့်**

ပျင်းရိခြင်းဆိုသည်မှာ လူမြင်သူမြင်အိပ်ရာပေါ်တွင် ကျောဆန့်လျက် အပျင်း "တစ်" နေခြင်းမျိုးကိုသာ ပျင်းရိနေသည်ဟု ဆိုနိုင်သည်မဟုတ်ပါ။ တစ်စုံတခုသော သင်ခန်းစာအခက်အခဲကို အဖြေထွက်အောင် ကိုယ်တိုင် စဉ်းစားချင်စိတ်မရှိဘဲ အလွယ်တကူ ဆရာ၏အကူအညီကို ယူလိုက်ချင်သူများသည်လည်း ပျင်းရိသူများပင်ဖြစ်သည်။

ထိုအပျင်းမျိုးကို "ဦးနှောက်ပျင်းခြင်း" ဟုခေါ်သင့်သည်။ ဦးနှောက်ပျင်းသူ တစ်ယောက်သည် ဦးနှောက်ကို အရင်းပြု၍ ရှာဖွေရသော ပညာအရာတွင် မည်သည့်အခါမျှ အောင်မြင်နိုင်မည် မဟုတ်ချေ။

(စာစီစာကုံး)

**"ပညာထီ" ဟူ၍ မရှိ**

ယနေ့ထီပေါက်လျှင် နောက်တစ်နေ့သူဌေးဖြစ်နိုင်သော်လည်း ပညာကိုမူကား ထီပေါက်သလို မရနိုင်။

(စာစီစာကုံး)

**မှတ်ဉာဏ် နှင့် ကျိုးကြောင်းဆင်ခြင်ဉာဏ်**

ပညာသင်တယ်ဆိုတာ မှတ်ဉာဏ်ကျင့်ရုံလောက်နဲ့ ပြီးတာမှမဟုတ်ဘဲ။ ထိုးထွင်းပြီး ကျိုးကြောင်းဆင်ခြင် တက်အောင်လည်း လေ့ကျင့်ပေးရတာမဟုတ်လား။ ဒီအတိုင်းသာ သွားနေကြလို့ ရှိရင်တော့ကျွန်တော့်မိတ်ဆွေ တစ်ယောက် ပြောဖူးတဲ့ဟာသလေးလို ဖြစ်သွားမှာသေချာပါတယ်။ အဲဒီဟာသလေးက . . . ဦးနှောက်ပြပွဲကြီးတစ်ခု လုပ်သတဲ့။ ဦးနှောက်သီးသီးတွေရဲ့တန်ဖိုးကိုလည်း ရေးထားသတဲ့။ အင်္ဂလိပ် ဦးနှောက်၊ အမေရိကန် ဦးနှောက်၊ ဂျပန် ဦးနှောက်၊ တရုတ် ဦးနှောက်၊ ဗမာ ဦးနှောက် စသည်ဖြင့် မျိုးစုံပေါ့လေ။ အဲဒီမှာ ထူးထူးခြားခြား ဗမာ ဦးနှောက်က ဈေးအကြီးဆုံးဖြစ်နေဆိုပဲ။ ဒီမှာတင် လာပြီးလေ့လာတဲ့သူတစ်ယောက်က ဘာကြောင့် ဗမာဦးနှောက်က ဈေးအကြီးဆုံး ဖြစ်နေပါသလဲလို့ မေးကြည့်လိုက်တော့ ပြပွဲတာဝန်ခံက "ဗမာဦးနှောက်က အသစ်စက်စက်ပါ၊ တစ်ခါမှ မသုံးရသေးဘူး" လို့ ပြန်ဖြေသတဲ့။

အောင်သင်း စဉ်းစားမိသမျှ

ရွှေ၊ ဒီဇင်ဘာ၊ ၉၃

### ပညာ လိပ်ပြာ

စာသင်ခြင်းဆိုသည်မှာ ဆရာက ဖြည့်ဆည်းထည့်သွင်းပေးရသည် မှန်သော်လည်း တပည့်၏ "ပညာလိပ်ပြာ နိုးလာအောင်" မလုပ်နိုင်လျှင် တကယ်အောင်မြင်သည်ဟု မဆိုနိုင်ပါ။

ကိုယ်တွေ့ စာစီစာကုံး

မျက် - ၅၀

### စိတ်တက်အောင် စာကို သင်ရခြင်း

" စာသင်ခြင်း " ဆိုသည်မှာ" စိတ်တက်အောင် "စာကိုသင်ရခြင်းဖြစ်ရာ " စိတ်တက် " မှသာလျှင် စာသင်ခြင်းသည် ပိုမိုအဓိပ္ပာယ် ရှိပါလိမ့်မည်။

မိုးကုတ်က ရတနာ

ဉသာ - ၄

### တက္ကသိုလ် ဆိုတာ

တက္ကသိုလ်ဆိုတာ စာတင်သင်တာမဟုတ်ဘူး၊ စဉ်းစားနည်းကို ပဓာနထားပြီးသင်တာ၊ စာသာတက်ပြီး စဉ်းစားနည်းကို မတက်ခဲ့ရင် ဘာဘွဲ့ကြီးကိုပဲ ရနေနေ အဓိပ္ပာယ်မရှိဘူး။ စဉ်းစားနည်းကိုသာရခဲ့ရင် ဘယ်ဘာသာယူပြီး ဘာဘွဲ့ကိုပဲရရ အဓိပ္ပာယ်ရှိတယ်။ သူများဖြစ်ရင် (တစ်ခါတုန်းက တပည့်တွေ) ကိုယ်ပိုင်ဉာဏ်ဖွံ့ဖြိုးမှု၊ ကိုယ်ပိုင်ဆင်ခြင် ဉာဏ် ဖွံ့ဖြိုးအောင် ကြိုးပမ်းခြင်းမှာ ပညာရေးတကာတို့၏ ဦးတည်ချက်ဖြစ်ပါသည်။ ထိုဉာဏ်မျိုးကိုမပေးနိုင်လျှင် ဟိုလူပြောဟုတ်နိုး၊ ဒီလူပြောဟုတ်နိုး စကားလုံးပြောင်တာကို အကောင်းထင်၊ အလကားကို အဟုတ်မှတ်၊ ဆင်ခြင်မှုကင်းမဲ့ပြီး တစ်မျိုးသားလုံး အောက်တန်းကျသွားနိုင်သည်။

ဝေဖန် ချင့်ချိန်၍

ပေဖူးလွှာ၊ မေ။

### မွတ်သိပ်သော နှလုံးသား

မည်သည့်ကျောင်းဆရာမှ တပည့်များအား တစ်သက်လုံးသုံးမကုန်နိုင်လောက်အောင် ပညာသုတကို ပေးလိုက်နိုင်သည် မဟုတ်။ ကျောင်းသား၏ နှလုံးသားကို မွတ်သိပ်လာအောင် လုပ်နိုင်သူပင်လျှင် အတော်ဆုံးသော ကျောင်းဆရာဖြစ်သည်ဟု "ဆာရစ်ချတ် လစ်ဗင်းစတုန်း" ဆိုသော ပုဂ္ဂိုလ်ကြီးက မိန့်ဆိုခဲ့ဖူးပါသည်။ ထိုအချက်ကို ကျွန်တော် လိုက်လိုက်လဲလဲသဘောတူပါသည်။ ပညာမွတ်သိပ်လာသူ တစ်ယောက်သည်၊ ပညာကို သူ့ဘာသာသူ ရှာလာပါလိမ့်မည်။ ပြင်းပြင်းထန်ထန်ဆည်းပူးလာပါလိမ့်မည်။ သူ့ဘဝအတွက်လည်း စိတ်ချလောက်ပြီဖြစ်ပါသည်။

စာသင်ခြင်းနှင့် စိတ်သင်ခြင်း

(၂)စာပေဂျာနယ်

### ပညာအမွေ

အရေးကြီးဆုံး "အမွေ" ကတော့ ပညာအမွေပါပဲ။ အဲဒီပညာအမွေမှာတောင် စာရိတ္တအမွေ ။ အရေးအကြီးဆုံးကို အကုန်ခြုံလိုက်ရင် ဘုရားဟောကိုပြန်ရောက်လာတယ်။ သီလ၊ သမာဓိ၊ ပညာ ။ ။

အမွေ (အဖြေ)

## အကြောင်းကို သိခြင်း

ပညာဆိုသည်မှာ "အကြောင်း" ကို သိအောင်ကြိုးစားရခြင်း ဖြစ်သည်ဟု တွက်ဆမိပါသည်။ ပန်းသီးကြွေလို့ မြေကြီးပေါ်ကျသည်ကို ဘာကြောင့်မြေကြီးပေါ်ကျသလဲဟု "အကြောင်း" ကိုမနားမနေ ကြံဆပြီး ကမ္ဘာမြေကြီး၏ ဆွဲငင်ခြင်းသဘောကို နယူတန်ကဖော်ထုတ်ခဲ့သည်။ ကျွန်တော်တို့ မြတ်စွာဘုရား သခင်သည်လည်း ဘဝအကြောင်း၊ ဒုက္ခအကြောင်းရင်းတို့ကို စူးစမ်းပြီး သစ္စာလေးပါးကို ဖော်ထုတ် ဟောကြားခဲ့သည်။ အရာရာတို့၌ အကြောင်းခံရှိကုန်၏ ဟုဟောကြားတော်မူခဲ့သည်။ ဤသို့လျှင် "အကျိုး" တစ်ခုကိုတွေ့လျှင် "အကြောင်းခံ" ကိုရှာခြင်းဖြင့် ပညာတိုးပွားအောင် ပြုလုပ်နေကြရသည်။

အကျယ်ကြီး မဖြစ်ချင်ပါ

ဒီလိုင်း၊ အောက်တိုဘာ၊ ၉၆

## သူကျွန်ဖြစ်ရခြင်း၏ အကြောင်း

သူကျွန်ဖြစ်ခဲ့တဲ့ကိစ္စ ဘာကြောင့်ဖြစ်ခဲ့ရသလဲ။ သုံးကြိမ် အင်္ဂလိပ်နဲ့စစ်တိုက်တာ သုံးကြိမ်စလုံး ရှုံးတယ်။ ဘာဖြစ်လို့ရှုံးလဲ ။ ပညာမတက်လို့ရှုံးတာ ဒါပဲ။ ဗန္ဓုလလောက် မျိုးချစ်စိတ်ရှိဦးမလား။ ဗန္ဓုလထက် ဘယ်သူသတ္တိကောင်းဦးမလဲ။ ဟိုက 'ထုန်း' ဆို (ပစ်လိုက်တော့) သေရော။ ကိုယ်ကမှ ပြန်မ 'ထုန်း' နိုင်ဘဲ ။ခံရတာပေါ့။

အမေ့

## အရည်အချင်း နှစ်ရပ်

ကျွန်တော်သာ လူငယ်တွေကိုလေ့လာသင်ကြားပေးရမယ်ဆိုရင် လူငယ်တွေကို အရည်အချင်းနှစ်ရပ်နဲ့ ပြည့်စုံအောင် သင်ကြားပေးပါ့မယ်။ အဲဒါတွေက

(၁) သတ္တိကောင်းအောင်

(၂) ကိုယ်ပိုင်ဉာဏ် သုံးတက်အောင်

(၁) အနေနဲ့ သတ္တိကောင်းအောင်ဆိုတာက လက်သီးချင်း ထိုးဝံ့အောင်၊ ရိုက်ဝံ့နှက်ဝံ့အောင်၊ သတ်ရဲသေရဲ အောင်ဆိုတဲ့ ကာယဆိုင်ရာသတ္တိမျိုးကို ဆိုလိုတာမဟုတ်ပါဘူး။ မမှန်တာကို မလုပ်ဘူး၊ မတော်လောဘ မရှိစေရဘူး၊ စည်းစိမ်ချမ်းသာကို မတ်မောပြီး မတော်တာကို မလုပ်ဘူး၊ လျှာပေါ်မှာ မြက်ပင်ပေါက်ချင် ပေါက်ပါစေတော့ မဟုတ် မတရားတဲ့နည်းနဲ့ဖြင့် ထမင်းရှာမစားဘူးဆိုတဲ့ စာရိတ္တသတ္တိမျိုးကိုဆိုလိုတာပါ။

(၂) အနေနဲ့ ကိုယ်ပိုင်ဉာဏ်သုံးတက်အောင် လေ့ကျင့်ပေးမယ်ဆိုတာက ကိုယ်ပိုင်ဉာဏ်နဲ့ အမှားအမှန်ကို ချင့်ချိန်တက်အောင် လေ့ကျင့်ပေးလိုက်ခြင်းပါပဲ။ ကိုယ်ပိုင်ဉာဏ်သုံးတဲ့ အလေ့မဖွံ့ဖြိုးရင် လူငယ်တွေမှာ အန္တရာယ်ကြီး တက်ပါတယ်။

အောင်သင်း စဉ်းစားမိသမျှ

ရွှေ၊ ဩဂုတ်၊ ၉၃

**ဘဝ သတ္တိ**

မွေးရာပါဦးနှောက်ချို့ယွင်းမှုမရှိရင် လူတွေဟာ ဘယ်သူ့ထက်ဘယ်သူကမှ ပိုပြီးဉာဏ် မကောင်းကြပါဘူး။ သတ္တိကောင်းတဲ့သူ၊ သတ္တိပျိုးထောင်ရကောင်းမှန်းသိတဲ့သူ၊ ကြာရှည်ခံအောင်လေ့ကျင့်နိုင်တဲ့သူဟာ စာမေးပွဲလို အသေးအဖွဲ့ကိစ္စမျိုးမှာသာမဟုတ် အရာရာမှာ အောင်မြင်နိုင်ကြတာပါပဲ ။

မျိုးဆက်သစ်

**ဦးနှောက် စိန်ခေါ်မှု**

လက်ဝှေ့ကြိုးဝိုင်း သတ္တိမျိုးဆိုတာက လက်ဝှေ့ထိုးနိုင်ချိန်လောက်မှာပဲ လိုအပ်တာ။ လက်ဝှေ့ထိုးနိုင်သေးတဲ့ အချိန်လောက်ထိသာ လိုအပ်တာ။ "ဦးနှောက်စိန်ခေါ်မှု" ကိုလက်ခံဝံ့တဲ့သတ္တိဆိုတာက သေသည် အထိသုံးစွဲကြရမှာ။

မျိုးဆက်သစ်

**အားနွဲ့သူလား**

မိန်းကလေးတွေကို "အားနွဲ့သူ" လို့ အောက်မေ့တက်ကြတယ်။

ခွန်အားသာ နွဲ့ချင်နွဲ့မယ် သတ္တိတော့မနွဲ့ ကြတာ အမှန်ပဲ ။

မျိုးဆက်သစ်

**သူရသတ္တိရှင်**

ရှေးခေတ်ကဆိုရင် "ယောက်ျားဖောင်စီး၊ မိန်းမ မီးနေ" တဲ့။ မျိုးဆက်သစ် အသက်ကလေးတစ်ချောင်းကို မျိုးဆက်ပောင်းမိခင်က အသက်စွန့်ပြီး မွေးလိုက်ရတာလို့ဆိုသင့်တယ်။ မိခင်တစ်ယောက်ရဲ့ တခြားကျေးဇူးတွေကို ဘေးဖယ်ထားလိုက်ဦး ။ ကလေးမွေးဝံ့တဲ့ "သူရသတ္တိရှင်" တစ်ဦးအဖြစ်လောက်နဲ့ကိုပဲ ဘယ်လောက် အံ့သြကြည်ညိုစရာ ကောင်းနေပြီလဲ။

မျိုးဆက်သစ်

**ယုံကြည်ချက် စွန့်လွှတ်ဖို့**

အမှန်တရားအတွက် ဥစ္စာစည်းစိမ်အခြွေအရံ စွန့်လွှတ်ဖို့အတွက်သာ သတ္တိလိုအပ်တာမဟုတ်ဘူး။ ယုံကြည်ချက်တစ်ခု (မှားတယ်လို့ထင်လာရင်) စွန့်လွှတ်ဖို့တောင်မှ သတ္တိလိုအပ်တယ်။

မျိုးဆက်သစ်

**စာရိတ္တနှင့် သတ္တိ**

"သတ္တိရှိတဲ့လူဆိုး" ရယ်လို့ရှိနိုင်တယ်။

ဒါပေမဲ့ "သတ္တိမရှိတဲ့လူကောင်း" ရယ်လို့ဘယ်တော့မှမရှိနိုင်ဘူး။

မကောင်းဘဲ ရဲနိုင်တယ်၊ မရဲဘဲ မကောင်းနိုင်ဘူး ၊

ဒါကြောင့် မင်းတို့လဲ ကောင်းချင်ရင် ရဲကြ။

မျိုးဆက်သစ်

**အရှုံးကို ရင်ဆိုင်ဝံ့ခြင်း**

(၁၉၂၀ မှ ၁၉၄၀ လောက်အထိ မြန်မာပြည်တွင်အမှုထမ်းခဲ့သော အင်္ဂလိပ်လူမျိုး အိုင်စီမက်စ် ဝန်ထမ်း နစ်ဦး၏ မှတ်တမ်းများတွင် ဘောလုံးပွဲနှင့် ပတ်သက်၍) မြန်မာလူမျိုးတို့သည် ရဲရင့်ကြပါ၏။ သို့သော် အရှုံးကိုရင်ဆိုင်ဝံ့သောသတ္တိ နည်းပါးကြသည် တဲ့။

အောင်သင်း၊စဉ်းစားမိသမျှ

ရွှေ၊ အောက်တိုဘာ၊ ၉၃။

**သတ္တိရှိသူတွေ ဖန်တီးထားတာ**

လောကကြီးတစ်ခုလုံးကို သတ္တိနဲ့ ဖန်တီးထားတာ။

သတ္တိရှိတဲ့လူတွေက ဖန်တီးထားတာ။

အမေ့

**အရည်အချင်းတကာတို့ရဲ့ဖာစ်မြစ်**

သတ္တိဆိုတာ အရည်အချင်းတစ်ခုမဟုတ်ဘူး။

အရည်အချင်းတကာတို့ရဲ့ ဖာစ်မြစ်။

(ဆာ-ဝီလျံစလင်း) မေ့

**ဘာမှ မဖြစ်နိုင်တဲ့သူ**

သတ္တိမရှိတဲ့သူဟာ ဘာမှမလုပ်ဝံ့ဘူး။ ဘာမှမလုပ်ဝံ့ရင် ဘာမှမဖြစ်နိုင်တော့ဘူး။ ဒါကြောင့် သတ္တိဆိုတာဟာ အရာရာတိုင်းရဲ့ အကြောင်းခံကြီးဖြစ်တယ် ဆိုတာကို သေချာသဘောပေါက်ထား သင့်ကြပါတယ်။

သတ္တိနဲ့ပတ်သက်ပြီး စပိန်လူမျိုးစာရေးဆရာကြီး "ဆာဗင်တီး" ပြောဖူးတာကို သတိရလိုက်မိ ပြန်တယ်။ သူပြောတာက . . .

စည်းစိမ်၊ ဥစ္စာ ဆုံးရှုံးလျှင် များစွာဆုံးရှုံး၏။

ခင်ပွန်းကောင်းတစ်ယောက် ဆုံးရှုံးလျှင် ပို၍ဆုံးရှုံး၏။

သတ္တိဆုံးရှုံးလျှင်ကား အားလုံးကုန်ပါလေပြီ တဲ့ ။

မျိုးဆက်သစ်

**စိတ်အား သတ္တိ**

စိတ်အားသတ္တိရှိတဲ့သူဟာ သက်မဲ့ပစ္စည်းနဲ့ရန်မဖြစ်ဘူး။ နောက်ပြီး တိရစ္ဆာန်နဲ့ရန်မဖြစ်ဘူး။ ကလေးတွေနဲ့ ရန်မဖြစ်ဘူး။ နောက်တော့ဘယ်သူနဲ့မှရန်မဖြစ်ဘူး။ ဒီထက်ရင့်လာတော့ အမျက်ဒေါသ နည်းသွားတယ်။ တိရစ္ဆာန်တို့ ၊ ကလေးငယ်တို့ကို လိုအပ်လို့ဆုံးမရင်လည်း ရိုက်ဦး၊ နက်ဦးတော့ အမျက် ဒေါသနဲ့ ရိုက်နက်ခြင်းမပြုတော့ဘူး။

မျိုးဆက်သစ်

## သတ္တိရှိရင် နေရာယူပါ

လောကကြီးမှာ ပေါ်ပေါက်လာတဲ့ကောင်းမြတ်သောအရာဟူသမျှဟာ "ကာယသတ္တိ၊ စာရိတ္တသတ္တိ" နှစ်မျိုးရှိတဲ့သူတွေ ဖန်တီးခဲ့တာတွေဖြစ်တယ်။ ဒါကြောင့် လောကကြီးတစ်ခုလုံးကလည်း သတ္တိကောင်းတဲ့သူတွေ ကိုသာလျှင် သြဘာပေးကြတယ်။ လောကကြီးမှာ သတ္တိကောင်းတဲ့သူတွေအတွက်သာလျှင် နေရာရှိတယ်။ သတ္တိရှိရင် ရှေ့ တက်ပါ။ သတ္တိမရှိရင် နောက်ဆုတ်ပါ။ နေရာဖယ်ပေးပါ။

သစ်သားထဲကို သံချွန် ရိုက်သွင်းလိုက်တော့ ဝင်သွားတာဟာ သစ်သားက ပျော့လို့ မာတဲ့ သံချွန်အတွက် နေရာဖယ်ပေးလိုက်ရတာ ဖြစ်ကြောင်းကိုသတိပြုပါ။ မင်းဟာ မာသလား၊ ပျော့သလား။ မာရင် နေရာယူပါ။ ပျော့ရင် နေရာ ဖယ်ပေးလိုက်ပါ။

မျိုးဆက်သစ်
(နိဂုံးစကား)

## စိတ်အလို မလိုက်မှားမှု

အမေရိကန်ခရစ်ယာန် ဘုန်းတော်ကြီး " အာရ်ဒီ၊ ဟစ်ချ်ကော့" ပြောဖူးတဲ့စကားလေးဟာ တယ်ပြီးမှတ်သားဖို့ ကောင်းတယ်။ "အောင်မြင်မှုဟူသမျှ၏ သော့ချက်ကား စိတ်အလိုကို မလိုက်မှားမှုပေတည်း။ သင့်ကိုယ်သင်သာလျှင် ထိန်းသိမ်းနိုင်စွမ်းရှိပါစေ၊ သင်သည် ပညာတက် တစ်ယောက်ပေတည်း။ ထိုအချက်ကင်းမဲ့နေပါလျှင် အခြားဘာတွေကိုပဲ တတ်နေနေ အချည်းအနှီးသာတည်း" တဲ့။

မျိုးဆက်သစ်

## နေရဲတာလည်း သတ္တိ

သေရဲတာမှ သတ္တိ မဟုတ်ဘူး ။ နေရဲတာလည်း သတ္တိပါပဲ ။

သေရတာမှ ကြောက်စရာကောင်းတာ မဟုတ်ပါဘူး ။

နေရဲတာလည်း ကြောက်စရာကောင်းတာပါပဲ ။

မျိုးဆက်သစ်

## ဦးနှောက် ခါးတောင်းကျိုက်ပါ

သတ္တိကောင်းရမယ်။ ဘယ်လိုသတ္တိလဲ ။ စိန်ခေါ်ရဲတဲ့သတ္တိ ဖြစ်ရမယ်။

ဦးနှောက် ခါးတောင်းကျိုက်တာနော်။ လူခါးတောင်းကျိုက်တဲ့သူ ကုလီပဲဖြစ်မှာပေါ့။

ဦးနှောက်ခါးတောင်းကျိုက်မှ ခေါင်းဆောင်ဖြစ်မှာ။

အဲဒီ ဦးနှောက်ခါးတောင်းကျိုက်တာမှာလည်း ရေရှည်ခံတဲ့သတ္တိမျိုးဖြစ်ရမယ်။

အဲဒီ သတ္တိကို "ဖွဲ" လို့ခေါ်တယ်။

အဲဒီဖွဲက ဘယ်မှာပြန်ဖြစ်သလဲဆိုရင် ခုနကပြောခဲ့တဲ့ ကြီးပွားရမယ်ဆိုတဲ့ယုံကြည်ချက်၊

အဲဒီ ဥစ္စာကနေ ဖွဲကို ပြန်ထိန်းတယ်။

ရည်မှန်းချက်

သင့်ဘဝ၊ ဇန်နဝါရီ၊ ၉၄

**စိန်ခေါ်မှုကို လက်ခံခြင်း**

ကြီးပွားအောင်မြင်ချင်တဲ့သူဟာ "စိန်ခေါ်ခြင်း" ကိုလက်ခံနိုင်ရတယ်။ စိန်ခေါ်ခြင်းကို လက်ခံနိုင်တဲ့ သတ္တိမရှိရင် မကြီးပွားချင်နဲ့။ စိန်ခေါ်တဲ့ဥစ္စာကို လက်ခံနိုင်တဲ့သတ္တိရှိမှ ကုန်ကုန်ပြောလိုက်မယ်

ဓားသွေးတယ်ဆိုတာ ကျောက်တုန်းပေါ် သွေးရတာ၊ ကတ္တီပါပေါ်သွေးလို့ ဓားထက်တာ မဟုတ်ဘူး။

စိန်ခေါ်တာကို လက်ခံနိုင်မှ အောင်မြင်တာ၊ အောင်မြင်ချင်တယ်ဆိုလို့ ရှိရင်တိုက်ပွဲ ရှိရတယ်။ ဘာတိုက်ပွဲမှမရှိဘဲနဲ့ "ငါအောင်မြင်တယ်" ဆိုရင်အရှုံးဖြစ်နေမယ်။

ရည်မှန်းချက်

သင့်ဘဝ၊ ဇန်နဝါရီ၊ ၉၄

**ရင်ဆိုင်ပါ**

တညည်းညည်း တညူညူနဲ့ "ငါတော့ကံဆိုးတာပဲ" လို့အောက်မေ့နေရင် အဲဒီလူ တကယ်ကံဆိုးသွားပြီလို့သာ အောက်မေ့ပေတော့ ။ လောကကြီးမှာ ရှုံးလို့ထွက်ပြေးရင် တစ်သက်လုံးပြေးပေတော့။ အောင်မြင်မှု ဘယ်တော့မှမရဘူး။ ထွက်ပြေးတဲ့ကောင် ဘယ်တော့မှနိုင်ရိုး မရှိဘူး ။ ရင်ဆိုင်နိုင်တဲ့ ကောင်မှ နိုင်တာ။

စာပေထဲကလူငယ်သမိုင်း

(မန္တလေး၊ ဓမ္မသာလာဟောပြောပွဲ)

**ရေစုန် ရေဆန်**

စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တယ်လို့ဆိုခဲ့တယ်မဟုတ်လား။ မကောင်းမှုဘက်ကို လိုက်သွားတာဟာ "ရေစုန်" မှာအလိုက်သင့်မျောပါသွားတာ မဟုတ်လား။ ဘာမှမပင်ပန်းပါဘူး။ ကောင်းရာကောင်းမှုကို လုပ်ရဲတာကတော့ စိတ်ရဲ့ အလိုဆန္ဒကို ဆန့်ကျင်ပြီးလုပ်ရတာ၊ မွေ့လျော်မှုကို စွန့်ပစ်လိုက်ရတာ၊ ဒါ့ကြောင့် ရေဆန်ကိုလိုက်ရတာပဲ။ "ရေစုန်အပေါင်းအသင်း" တွေကိုရှောင်ပြီး "ရေဆန်အပေါင်းအသင်း" တွေနဲ့ တွဲဖက် ဆန်တက်နိုင်အောင် ကြိုးပမ်းသင့်ကြပါတယ်။

မျိုးဆက်သစ်

**ငယ်ငယ်မှာ ကိုယ့်ကိုကိုယ် နိုင်းပါ**

ငယ်ငယ်မှာ ကိုယ့်ကိုကိုယ်မနိုင်းရင် ကြီးလာရင် သူများခိုင်းတာ ခံရတတ်တယ်။ ကိုယ့်ကိုကိုယ် မကျိုးနွံရင် သူများကို ကျိုးနွံအောင်ဘယ်တော့မှ မနိုင်းနိုင်ဘူး။ မိမိကိုယ်မိမိ မအောင်နိုင်သမျှ ကာလပတ်လုံးလောကကြီးကို မအောင်နိုင်ဘူးဆိုတာပုံသေ ယံ့ပါ။

အမွေ

**စိတ်ပျက်ပေမယ့် လက်မပျက်ပါနဲ့**

စိတ်ပျက်ပေမယ့် လက်တော့မပျက်လိုက်ပါနဲ့ ၊

"စိတ်ပျက်လက်ပျက်" ဆိုတာမျိုးမလုပ်လိုက်ပါနဲ့ ၊

ဆိုလိုတာက လေ့ကျင့်ကြိုးပမ်းနေမှုကို လျှော့မပစ်လိုက်ပါနဲ့။

သူတို့ကလေးတွေရဲ့စာ

သရဖူ၊ ဇွန်၊ ၉၄

## အားဆိုတာ ထုတ်မှထွက်တာ

အားဆိုတာ ထုတ်မှထွက်တာ ၊ အားမထုတ်ရင် အားမထွက်ဘူး

တသက်လုံး အားနည်းပျော့ညံ့သူ ဖြစ်သွားတတ်တယ်။

သူတို့ကလေးတွေရဲ့စာ

သရဖူ၊ ဩဂုတ်၊ ၉၄

## အားပြိုင်မှု

ဘဝတစ်ခုလုံးဟာ ကိုယ်လိုချင်တာရဖို့နဲ့ ၊

ကိုယ်မလိုချင်တာမရဖို့ အမြဲအားပြိုင်နေရတာပဲ။

ဒါဟာသဘာဝပဲ။

လှုငယ်နှင့်ရသစာပေ

မြန်အောင် ဟောပြောပွဲ (၈၇)

## အစီဌာန် မရှိသမျှ

ကိုယ့်စိတ်ထဲမှာ၊ ဘဝမှာတိုးတက်ရမယ်ဆိုတဲ့ အစီဌာန်မရှိသမျှ ကာလပတ်လုံး တိုးတက်ချင်တဲ့စိတ် ပြင်းပြင်းထန်ထန်မရှိသမျှ ကာလပတ်လုံး မင်းဘယ်တော့မှမတိုးတက်နိုင်ဘူး။ ဒါကိုပုံသေ ယုံပါ။

အမွေ

## ဆုမတောင်းနဲ့ ဆုပန်ပါ

ယောက်ျားကောင်းတို့မည်သည် ဆုမတောင်းရဘူး၊ ဆုပန်ရတယ်။ မင်းတို့ယုံကြည် ကိုးကွယ်ရာ ဘုရားရှေ့မှာ တရိုတသေ၊ အလေးအနက် ပူဇော်ကန်တော့ပြီး "တပည့်တော်ဟာ မိဘထက် တဆင့်မြင့်တဲ့မျိုးဆက်သစ်ကို ထူထောင်နိုင်တဲ့ ယောက်ျားကောင်း (မိန်းမမြတ်) ဖြစ်အောင် ဒီကနေ့ကစပြီး မဖြစ်မနေအသက်ပဲသေသေ ကြိုးပမ်းပါတော့မည်လို့ အရှင်ဘုရားရှေ့ မှာကတိပြုဆုပန်ပါတယ်ဘုရား" လို့သစ္စာပြုဖူးသလား။ သစ္စာပြုဖူးတယ်ဆိုတဲ့ အတိုင်းအတာကြီးထိ မဟုတ်ရင်တောင်မှ အလေးအနက် နှုတ်ကမြွက်ပြီးဆုပန်ဖူးသလား။ အဲဒီ ပြဒါးတိုင်နဲ့မင်းရဲ့ ဆန္ဒပြင်းအားကို တိုင်းတာကြည့်ပေတော့ကွာ။

မျိုးဆက်သစ်

## "ဖွဲ့" ဆိုတာ

"ဖွဲ့" ဆိုတာ တခြားမဟုတ်ပါဘူး၊ ကြာရှည်ခံနိုင်တဲ့ သတ္တိပါ။

သတ္တိများတဲ့လူက ကြာရှည်တောင့်ခံနိုင်တယ်။

သတ္တိနည်းတဲ့လူက ခဏလေးနဲ့ကုန်သွားတတ်တယ်။

မျိုးဆက်သစ်

## နရာက ရင့်ကြရသည်

"နှုခြင်းသည် ရင့်ခြင်း၏ အကြောင်းတည်း" ဆိုတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ဩဝါဒစကားလိုပေါ့ ၊ မရင့်သေးခင် နရမှာပဲ၊ မနဘဲနဲ့ ရင့်ချင်လို့မရဘူး။ ဘုရားတည်တာမှာ ထီးတော်ကစပြီး တည်လို့မရနိုင်သလို ရေတွင်း တူးတာမှာလည်း အောက်ခြေကစပြီး တူးလို့မရနိုင်ဘူး။ ဘယ်နေရာမှာမဆို အစဆိုတာရှိတာ ချည်းပါပဲ။ ကျွဲတောင်မှ မွေးကတည်းက ချိုပါနေရင် မွေးလို့မရနိုင်ဘူးဆိုတာကို သဘောပေါက်ရမှာပေါ့။

ဒီတော့မင်းတို့တတွေဟာလည်း အသေးစားအဓိဌာန်လေးတွေကစပြီး ခိုင်မာအောင်စိတ်အားသတ္တိမွေးပြီး ထူထောင်သွားမယ်ဆိုရင် နရာကရင့်လာကြမှာ ယုံမှားစရာ မရှိပါဘူး။

မျိုးဆက်သစ်

## မြားကို ပစ်လိုက်သလို

မြားကိုလေးပေါ်တင်ပြီး ပစ်လိုက်ရင် နောက်ကိုပြန်မလှည့်တော့ဘဲ တုံ့ဆိုင်းခြင်းမရှိ ရှေ့သို့ပြေးဘိသကဲ့သို့ မိမိနလုံးသားအဓိဌာန်ကို စိတ်အင်အားသတ္တိတည်းဟူသော လေးပေါ်သို့တင်ပြီးပစ်နိုင်ပါလျှင် ဘယ်မျှခက်ခဲသော အရာကြီးဖြစ်ပါစေ အောင်မြင်နိုင်မည်မှာအမှန်ဖြစ်ပါသည်။

နလုံးသားကို လေးပေါ်တင်၍ပစ်သောအခါ သင့်ဘဝစရိုက်ကြမ်းခြင်းနှင့် စရိုက်ပျက်ခြင်း၊

စရိုက်ကြမ်းတာနဲ့ စရိုက်ပျက်တာ တော်တော်လေးကို ကွာတယ်ကွ။ ဆိုလိုတာက ခိုးတာ၊ ဝှက်တာ၊ လုတာ ယက်တာမဟုတ်ဘူး၊ ထစ်ခနဲဆိုရင် မခံမရပ်နိုင်ဖြစ်ပြီး တဆုံးတဆလုပ်ပစ်လိုက်တာမျိုး၊ အဲဒီလို စိတ်ဓာတ်မျိုးကို ကောင်းမွန်မှန်ကန်တဲ့ဘက်မှာ အသုံးချလိုက်ရင် ထူးထူးချွန်ချွန်ဖြစ်သွားတာ။

မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း

သရဖူ၊ စက်တင်ဘာ၊ ၉၅

## ကြီးပွားချင်တဲ့ စိတ်

ဘဝရည်မှန်းချက်ဆိုတာ သူ့ဟာနဲ့သူ (ပတ်ဝန်းကျင်အခြေအနေအရ) ပြောင်းလဲသွားတက်တာကလေးတွေ ရှိတာပါပဲ။ သို့သော် မူလကကြီးပွားချင်တဲ့စိတ်ရှိထားရင် ရောက်တဲ့နေရာမှာ တနည်းနည်းနဲ့ ကြီးပွားအောင် လုပ်လာမှာပဲ။ အဲဒီ ကြီးပွားချင်တဲ့စိတ်သာလျှင် အရေးကြီးတယ်လို့ပြောချင်ပါတယ်။

ရည်မှန်းချက် (သင့်ဘဝ၊ ဇန်နဝါရီ၊ ၉၄)

## တကယ့်ခေါင်းဆောင်ကောင်း

ခေါင်းဆောင်တစ်ယောက်ပါပဲဟု ဖြစ်လာလိုက်သည်နှင့်တစ်ပြိုင်နက် မိမိကိုယ်ပိုင်ဘဝကို ဆုံးရှုံးသွားခဲ့ပါလေပြီ။ မိမိအားခေါင်းဆောင် တင်မြှောက်ထားသူတို့၏ (ဝါ) နောက်လိုက်တို့၏ ဘဝသာလျှင် မိမိဘဝကိစ္စကိုပြဌာန်းလိုက်လေပြီဟု သဘောထားနိုင်မှသာလျှင် တကယ့်ခေါင်းဆောင် ကောင်းဖြစ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။

စစ်မှဲ့သူရဲကောင်း(ရသစာတမ်းငယ်)

## ရွှေဝတ်မှုန်၊ နိုဝင်ဘာ၊ ၉၃

ညံ့ဖျင်းသောခေါင်းဆောင် စောလူးမင်းကဲ့သို့သော သဘောထားသေး သိမ်ညံ့ဖျင်းသည့် ခေါင်းဆောင်မျိုး တစ်ချီမွေ့လိုက်ပြီဆိုလျှင် နောက်ဆက်ခံရမည့် မင်းဇကရာဇ်တို့အဖို့ ဖာလို့ထေးလို့ မဆုံးနိုင်အောင်ဖြစ်ကြရသည်မှာ ဓမ္မတာဟု ဆိုရမည်ထင်ပါသည်။

စစ်မှဲ့သူရဲကောင်း (ရသစာတမ်းငယ်)

ရွှေဝတ်မှုန်၊ နိုဝင်ဘာ၊ ၉၃

## ရှိသေအပ်သော ရက္ခိုင်ဇကရာဇ်

ရေပိုင်၊ မြေပိုင်၊ ပြည်သူတို့ကို ပင်ပိုင်သည်ဟု သတ်မှတ်ခြင်းခံရသော ရက္ခိုင်ဘုရင် 'မင်းဖလောင်းကြီး' သည် တရားဥပဒေကိုကား မိမိပိုင်သည်ဟုမခံယူဘဲ တရားဥပဒေအောက်မှာသာလျှင် စံမြန်းလျက်မိမိကိုယ်ကိုအမှုသည် တစ်ဦးအဖြစ် ခံယူ၍ တရားသူကြီး မဟာပညာကျော်ထံ အပ်နှံနိုင်စွမ်းရှိပေသော ဘုရင်မင်းမြတ်၏ 'စိတ်နလုံးတော် ရတနာ' သည်ကား 'ရတနာထက်က ရတနာ' ဖြစ်ပါပေသည်။

ရတနာထက်က ရတနာ (ရသစာတမ်းငယ်)

ရွှေဝတ်မှုန်၊ မတ်၊ ၉၄

**အတ္တုပ္ပတ္တိ ပြုတယ်ဆိုတာ**

မွေးလာရုံ၊ သေသွားရုံနဲ့တော့ဖြင့် ကျွန်တော်တို့က ဘယ်သူ့ကိုမှ အတ္တုပ္ပတ္တိတစ်ခုရယ်လို့ ရေးကြီး ခွင်ကျယ်လုပ်ပြီး မှတ်တမ်းပြုမိကြမယ်မဟုတ်ပါဘူး။ သူ့အသက်ရှင်စဉ်မှာ လူ့လောကကြီးကောင်းအောင် (သို့မဟုတ်)ဆိုးအောင် ထူးထူးခြားခြားလုပ်ခဲ့လို့သာ မှတ်တမ်းတင်ခဲ့ကြတာပါပဲ။

သင်္ဂါရဝသုတ်

စံပယ်ဖြူ၊ ဧပြီ၊ ၈၆

**လောကကြီးက ယုံကြည်လာရင်**

တာဝန်သိစိတ်ရှိတဲ့လူတွေ ၊ တာဝန်ထမ်းတတ်တဲ့လူတွေ တာဝန်ကိုထမ်းနိုင်လာစမြဲပါပဲ။

တာဝန်ထမ်းနိုင်တဲ့လူတွေကို လောကကြီးကလည်းတာဝန်ကို ယုံကြည်အပ်နှင်းစမြဲပဲ။

လောကကြီးက ယုံကြည်အပ်နှံခြင်းခံရသူတွေဟာ ကြီးမြင့်လာစမြဲပဲ။

သူများဖြစ်ရင်(တစ်ခါတုန်းကတပည့်တွေ)

ရုပ်ရှင်ကြေးမုံ

**မြန်မာတို့၏ ပညာရှိ**

မိမိအတွေ့အကြုံ ၊ သူတစ်ပါးတို့၏အတွေ့အကြုံတို့တွင် အတွေးအကြံပြုပြီး

လောကကိုကောင်းသည်ထက်ကောင်းအောင်၊

သူတစ်ပါးတို့ချမ်းသာသည်ထက်ချမ်းသာအောင် ၊

ကြိုးပမ်းဆောင်ရွက်နိုင်သူတို့ကိုသာ မြန်မာလူမျိုးတို့ကပညာရှိ ဟုသတ်မှတ်တက်ကြသည် ဟုထင်မိပါသည်။

အတွေ့အကြုံနှင့် အတွေးအကြံ

ဥဒါန၊ နိုဝင်ဘာ၊ ၉၀

**ပညာကို ရအောင်ယူ**

ကုန်သွယ်မှုတံခါးဖွင့်ပေးလိုက်ရင်၊ ဈေးကွက်စီးပွားရေးစနစ်လုပ်လိုက်ရင် တရုတ်၊ ကုလားတွေ လက်ထဲ ပြန်ရောက်ဦးမှာပဲ။ သည်လိုပြောကြတော့ ကျွန်တော်ကရောက်ရောက်ပေါ့ ။ ဘာဖြစ်လဲ ပြန်ယူပေါ့ ။ ဤသို့ချည်း ပြန်ပြောခဲ့ပါသည်။

ငါတို့ဘိုးဘေးများသည် နိုင်ငံလွတ်လပ်ရေးအတွက် လူမျိုးခြားများထံ ပါးရိုက်ခံပြီးစစ်ပညာကို သင်ယူခဲ့ကြပါသည်။ ငါတို့သည်လည်း မည်မျှပင်အောက်ကျ နောက်ကျခံရစေဦးတော့ ကုန်သွယ် စီးပွားပညာရပ်ကြီးကို ရအောင်သင်ယူပြီး နိုင်ငံတော်ကို အလုပ်အကျွေးပြုမည်ဟု သဘောထားသင့်ကြပါသည်။

လူငယ်နှင့်ဤပညာ

ဖူးသစ်ဝေ

**စီးပွားရေး ခေါင်းဆောင်**

ငါချမ်းသာရမည်ဟူသော စိတ်နှင့် မကြိုးစားပါနှင့်၊

ငါဟာ မုချ စီးပွားရေးခေါင်းဆောင်ဖြစ်ရမည်ဟူသော စိတ်နှင့် ကြိုးစားကြပါ။

လူလည်းချမ်းသာပါလိမ့်မည်။

စိတ်လည်း ချမ်းသာပါလိမ့်မည်။

အများလည်း ဝပါလိမ့်မည်။

သမိုင်းလည်း လှပါလိမ့်မည်။

ခေါင်းဆောင်ကောင်း ဖြစ်အောင်လုပ်ပါ ။

ဖူးသစ်ဝေ

**ဝမ်းတစ်ထွာ ခေါင်းဆောင်**

ကုန်စည်များကို ဈေးမွေ့စွာ လည်ပတ်နေအောင် လုပ်ဆောင်ပေးနေသည့် သူများကိုလည်း ခေါင်းဆောင်ဟုပင် ခေါ်အပ်သည်မဟုတ်ပါလား။ သူတို့က ဝမ်းတစ်ထွာဟူသမျှနှင့် တိုက်ရိုက်ပတ်သက်နေသောကြောင့် ဝမ်းတစ်ထွာ ဟူသမျှတို့၏ခေါင်းဆောင်။

ခေါင်းဆောင်ကောင်းဖြစ်အောင်လုပ်ပါ ။

ဖူးသစ်ဝေ

**ရလေ လိုလေ**

တကယ့်ခေါင်းဆောင်ကောင်းဖြစ်လိုလျှင် ပထမအဆင့်မှာ ရလေလိုလေ

တရိပ်ရိပ်တက်လာတတ်သောလောဘကို သတိတရလှည့်လှည့်ကြည့်ပြီး ဇက်သတ်ဖို့လိုသည်။

ခေါင်းဆောင်ကောင်း ဖြစ်အောင်လုပ်ပါ

ဖူးသစ်ဝေ

**မိမိကိုယ်ကို စောင့်စည်းလျှင်**

တရားသူကြီးများ၊ ဆရာဝန်များ၊ ကျောင်းဆရာများ၊ စစ်သည်တော်များစသည်စသည်တို့မှာလည်း မိမိတို့ကိုယ်ကိုမိမိ တကယ်စောင့်ရှောက်သွားကြမည်ဆိုလျှင် တစ်ပါးသူကို (လောကကို) စောင့်ရှောက်ထိန်းသိမ်းရာ ရောက်နေပြန်သည် ကိုတွေ့ရပါသည်။

စောင့်စည်းမှု

သင့်ဘဝ၊ ဇွန်၊ ၉၅

**မိုးကုတ်မြို့က ရတနာ**

မင်းတို့မိုးကုတ်က ထွက်လိုက်တဲ့ ရတနာတွေကတော့ အံ့ဩလောက်အောင်ပါပဲ။

ငါက ကျောက်မျက်ရတနာတွေ ဘာတွေကို နားမလည်တော့ ဘယ်လောက် တန်ဖိုးရှိတယ် ဘာဘာညာညာ မသိပါဘူး။

လူတွေလည်းချမ်းသာကြမှာပေါ့။ ဒါပေမယ့် မင်းတို့မြို့က ထွက်သမျှရတနာတွေထဲမှာ တန်ဖိုး အကြီးဆုံး ရတနာလို့ ထင်မိတာကတော့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီးပဲ။

ပတ္တမြားတို့၊ နီလာတို့ကြောင့်ချမ်းသာတဲ့လူ ဘယ်လောက်များတယ်ဆိုတာကို မပြောနိုင်ပေမယ့် မိုးကုတ်ဆရာတော်ကြီးကြောင့် ချမ်းသာနေတဲ့လူတွေကိုတော့ အမြို့မြို့အနယ်နယ်မှာတွေ့နေရတာ အမှန်ပဲ။

မိုးကုတ်က ရတနာ

ဥဿာ၊ ဇန်နဝါရီ၊ ၉၁

**လူ့ရတနာ**

မင်းတို့လည်း အားလပ်တဲ့ အချိန်ကလေးတွေကို အသုံးချပြီးလောကကို ချမ်းမြေ့စေမယ့် အလိမ္မာစမ်းရေတွင်း ကလေးတွေဖြစ်အောင် ကိုယ်စွမ်းနိုင်တဲ့ဘက်က ကြိုးစားကြပေတော့။ လူကြီး လူမိုက်တွေကို

အတုမခိုးကြနဲ့။ လောကလူသားတွေက ကျေးဇူးတင်ကြရတဲ့ တွင်းထွက်ရတနာမျိုး မဟုတ်ဘဲ ကိုယ်တိုင် လူ့ရတနာလေးတွေ ဖြစ်အောင် ကြိုးစားကြပေတော့။

မိုးကုတ်က ရတနာ

ဥဿာ၊ ဇန်နဝါရီ၊ ၉၁

**မမှန်ကန်သော စည်းရုံးမှု**

မိမိတွင် အခြံအရံနောက်လိုက်နောက်ပါ ပေါ်များစေလိုသော စိတ်ဖြင့် မှားယွင်းစွာ စည်းရုံး သိမ်းသွင်းမိခြင်းသည် ရေရှည်တွင် မိမိကိုသာလျှင် ဒုက္ခရောက်စေတတ်ကြောင့်ကိုလည်း အင်္ဂုတ္တိုရ်ကပင် ကျွန်တော့်ကိုဆုံးမပါသည်။

အင်္ဂုတ္တိုရ် အပေါ်ယံ

ဒဂုန်၊ စက်တင်ဘာ၊ ၈၆

**သေတောင် မနမြောဘူး**

လောကကြီးမှာ ညံ့တဲ့သူတွေစောစောသေရင် နမြောတယ်များထင်နေသလား။

ကောင်းတဲ့သူတွေစောစောသေရင်သာ နမြောတာ။

အမေ့

**လူတို့၏ ကရုဏာစိတ်**

လူသည် အတ္တကြီးမားသည်မှာမှန်ပါသည်။ သို့သော် မိမိအပေါ်မှီခိုလာသည့် ကိုးရာမဲ့သတ္တဝါများ အပေါ်ထားသည့် ကရုဏာစိတ်မှာလည်းမသေးလှပဟု ယုံကြည်ပါသည်။ ထို့ကြောင့် လောကကြီးသည် တစ်ခါတစ်ရံ လူတွေညည်းတွား နေကြသလောက်ဆိုးသည်ဟု ကျွန်တော်မထင်ပါ။

မျက်လုံးတစ်စုံနှင့် နတ်ရုပ်တစ်ရုပ်

(ရသစာတမ်းငယ်) ပေဖူးလွှာ

**လှသော မွှေးသော ပန်း**

ကိုးရာမဲ့တို့အပေါ် ကြင်နာထောက်ထားခြင်း၊ ကူညီစောင့်ရှောက်ခြင်းတို့ထက် လှတာဘာများရှိပါ လေသနည်း။ ဘယ်ပန်းငုံ ဘယ်လောက်ပဲလှလှ ၊ ဘယ်ပန်းပွင့်လေး ဘယ်လောက်ပဲမွှေးမွှေး လူသားတို့၏ နှလုံးသားထဲက ပွင့်လာသော ကရုဏာပန်းထက် လှနိုင် မွှေးနိုင်မည်ဟု ကျွန်တော်မထင်။

မျက်လုံးတစ်စုံနှင့် နတ်ရုပ်တစ်ရုပ်

(ရသစာတမ်းငယ်) ပေဖူးလွှာ

**တိရစ္ဆာန်တို့၏ ကရုဏာ**

တိရစ္ဆာန်များ လောက၌ပင်လည်း သူတို့မိဘကို အသိအမှတ်မပြုကြစေဦးတော့ သူတို့အပေါ် လုံးလုံး လျားလျား မှီခိုနေသည့်ရင်သွေးငယ်များအတွက် အသက်စွန့် ကာကွယ်ကြသည်ကို ကျွန်တော်တို့ မကြာခဏ တွေ့ကြရသည်။ သည်တော့ မျိုးနွယ်စုကြီးတစ်ခုလုံးမတိမ်ကော၊ မပျောက်မပျက်ရှင်သန်နေအောင် မျိုးဆက် သစ်ကလေးတွေကို ပိုပြီး ကြင်နာစောင့်ရှောက်လိုသည့် စေတနာဖောကို သဘာဝတရားကြီးက ဖန်တီးပေး ထားလေရော့သလားဟု အောက်မေ့ မိပါသည်။

မျက်လုံးတစ်စုံနှင့် နတ်ရုပ်တစ်ရုပ်

(ရသစာတမ်းငယ်)ပေဖူးလွှာ

**ပျိုမျစ်မစွမ်း၊ အိုမင်းမစွမ်း**

ကျွန်တော်တို့ ပျိုမျစ်မစွမ်းဘဝတွင် ကျွန်တော်တို့အား ဖေးကူစောင့်ရှောက်ပေးနေကြရှာသော လူကြီးမိဘများကို အိုမင်းမစွမ်းဖြစ်လာကြသော အခါတွင် ကျွန်တော်တို့က စွန့်ပစ်ထားသင့်ပါသလော။ စွန့်ပစ်ထားကြမည်ဆိုပါလျှင် ခင်ပွန်းယုတ်၊ လူမသမာမျိုးဆက်ဟုဆိုရပါတော့မည်။

စာစီစာကုံး

**လူရာဝင်ချင်ရင် အသုံးကျအောင်လုပ်**

ပညာတက်ချင်တက်မယ်၊ ဘွဲ့ရချင်ရမယ်၊ အသုံးမကျရင် လူရာမဝင်ဘူး။

ပတ်ဝန်းကျင်အတွက် မင်းဟာအမြဲတမ်း အသုံးဝင်နေအောင်လုပ်ပါ။

တချို့ဆိုရင် ပညာမတက်ဘူး၊ ဒါပေမယ့် ရပ်ကွက်ထဲမှာ သူနည်းနဲ့သူအသုံးဝင်အောင်လုပ်တယ်။

အဲဒါကြောင့် လူရာဝင်တယ်ဆိုတာ ကိုယ့်ကိုကိုယ်အသုံးဝင်အောင်လုပ်နေတာ။

ဘာမှအသုံးမဝင်ရင် အသုံးမကျတဲ့ကောင်ဖြစ်သွားမှာပေါ့။

စာပေထဲကလူငယ့်သမိုင်း

မန်း-ဓမ္မသာလာဟောပြောပွဲ

**နနွင်မကင်းပုံ**

လူလောကကြီးက နနွင်းမကင်းပုံထောင်ထားသလိုပဲ၊ ဟိုထိပ်ဆုံးမှာလည်း အများကြီးရှိလို့မရဘူး၊ အောက်ဆုံးမှာကျတော့လည်း တစ်ယောက်တည်းပဲ။

အမွှေ

**ရှင်ဘုရင်နဲ့ တောင်းရမ်းစားသောက်သူ**

အောက်ဆုံးက တောင်းရမ်းစားသောက်သူဟာ ရှင်ဘုရင်တစ်ပါးကို (နိုင်ငံခေါင်းဆောင်ကြီး တစ်ယောက်ကို) ဘယ်တော့မှမနာလိုမဖြစ်ဘူး။

အမွှေ

**အလွယ်ဆုံး ကိစ္စ**

အောက်တန်းကျဖို့ဆိုတာ ကြိုးစားနေဖို့မလိုပါဘူး၊ တစ်နေ့မှာ ငါအောက်တန်းကျရမယ်လို့ အဓိဋ္ဌာန်ပြု နေဖို့ မလိုပါဘူး။

အမွှေ

**တာဝန်မဲ့သူ**

တာဝန်မဲ့တဲ့သားသမီးရဲ့မိဘဖြစ်ရတာ ငရဲ ၊

တာဝန်မဲ့တဲ့သားသမီးဖြစ်ရတာလည်း ငရဲပါပဲ။

ယနေ့လူငယ်

မန်း-အောင်မြေသာဇံ ဟောပြောပွဲ

**ဘဝဆိုတဲ့ အချိန်**

ဘဝဆိုတာအချိန်။ အချိန်မပါဘဲ ဘဝဖြစ်လို့မရဘူး ။

ဘဝကိုတန်ဖိုးထားရင် အချိန်ကိုတန်ဖိုးထားရတယ် ။

အချိန်ကို ဖြုန်းပစ်လိုက်တာဟာ ဘဝကိုဖြုန်းပစ်လိုက်တာပဲ ။

ရည်မှန်းချက်

သင့်ဘဝ၊ ၉၄

## မနာလိုခြင်း မဖြစ်သူ

ကိုယ့်ထက်သာ မနာလိုဆိုတဲ့ စကားဟာ ယေဘုယျအားဖြင့်ဆိုရင် အတော်ကြီးကို မှန်ကန်တဲ့ စကားပေပဲ။ ဒါပေမယ့် မိဘမေတ္တာနဲ့ နှိုင်းယှဉ်လိုက်တဲ့ အခါကျတော့ အဲဒီစကားဟာ မှားသလို ဖြစ်လာပြန်တယ်။ မိဘတွေဟာ သားသမီးက ကိုယ့်ထက်မြင့်သွားလေလေ ဂုဏ်ယူလေလေပဲ။

မျိုးဆက်သစ်

## အခိုင်းနှင့် အခိုင်းခံ

လောကကြီးမှာသူများခိုင်းတာကို ကျိုးနွံခံယူမှ ကိုယ်ကသူများကို ခိုင်းနိုင်တဲ့အဆင့်ကိုရောက်တာ။ မြန်မာဆိုရိုးစကားတစ်ခုရှိတယ် . .

သူများဖိနပ်ကိုကိုင်မှ ကိုယ့်ဖိနပ်ကိုကိုင်မယ့်သူပေါ်တယ် တဲ့။

အမွေ

## စည်းကမ်းဟူသည်

စည်းကမ်းဆိုသည်မှာ လူသည် မိမိတစ်ဦးတည်း မနေနိုင်သောကြောင့် အများနှင့်ငြိမ်းချမ်းစွာ ပူးပေါင်းနေနိုင်ရေးအတွက်ပေါ်ပေါက်လာရသော လိုလားအပ်သည့်ချုပ်ချယ်မှုများ ဖြစ်သည်။

စာစီစာကုံး

## ရိုးသားခြင်း

ရိုးသာခြင်းကို လူကောင်းသူကောင်း၊ သူတော်စင်များကသာ ကြိုက်နှစ်သက်ကြသည်မဟုတ်၊ လူလိမ်လူကောက် သူခိုးဓားပြများကလည်း သူတို့ကိုယ်တိုင်က မရိုးဖြောင့်စေကာမူ ရိုးသားခြင်းကို နှစ်သက်ကြသည်။သူခိုး၊ ဓားပြများသည် ပင်လျှင်လည်း သူတို့အချင်းချင်းရိုးသာသူကို အပေါင်းအဖော်ပြုကြမြဲဖြစ်သည်။ ရိုးသားဖြောင့်မတ်ခြင်းဆိုသည်မှာ နုံခြင်း၊ အခြင်းမဟုတ်ချေ။ ပညာမဲ့ခြင်းမဟုတ်ချေ၊ ရိုးသားခြင်း ဆိုသည်မှာ မိမိမရထိုက်သောပစ္စည်း၊ မိမိမရထိုက်သောအခွင့် အရေးတို့ကို မမက်မောခြင်းပင်ဖြစ်သည်။ ရိုးသားဖြောင့်မတ်ခြင်းဟူသော ဂုဏ်ကို ရယူနိုင်ရန်လွယ်ကူလှသည် မဟုတ်ချေ။ ရိုးသားဖြောင့်မတ်မှုကြောင့် မိမိဒုက္ခမရောက်ရအောင် ရှောင်တိမ်းကာကွယ်တက်သော ပါးနပ်မှုရှိရန်လိုအပ်သည်။ ထို့အတူ ရိုးသားမှု ကြောင့် ဆိုက်ရောက်လာတတ်သည့် အန္တရာယ်များကို ရင်ဆိုင်နိုင်သောသတ္တိလည်း ရှိရန် လိုအပ်သည်။ ထို့ကြောင့် သတ္တိမရှိဘဲ ရိုးသားလို့မရနိုင်ချေ။

စာစီစာကုံး(အတွေးစကလေးများ)

## လူတော်လူကောင်း

လူတော်လူကောင်း၊ လူကောင်းလူတော် စသည်ဖြင့်ဆိုကြသည်။

ကောင်းသည်ဆိုခြင်းမှာ စာရိတ္တနှင့်သက်ဆိုင်၍

တော်သည်ဆိုသည်မှာ လူ့စွမ်းဉာဏ်စွမ်းနှင့် သက်ဆိုင်သည်။

စာစီစာကုံး

**အကျင့်**

မကောင်းတာကို အကျင့်လုပ်ရင် မကောင်းကျင့် ပါသွားတာပဲ၊

ကောင်းတာကိုလည်း အကျင့်လုပ် ယူရတာပဲ၊ ကျင့်ယူရင်ရတယ်။

မျိုးဆက်သစ်များနှင့် တွေ့ဆုံခြင်း

သရဖူ၊ စက်တင်ဘာ၊ ၉၅

**သိက္ခာနှင့် လိပ်ပြာ**

အများမိုးခါးရေသောက်၊ ကိုယ် သောက်တဲ့ ၊ အူမ တောင့်မှ သီလစောင့်နိုင်မည် တဲ့ ၊

ဤစကားပုံများကို မည်သို့ သုံးစွဲနေကြသနည်း။

မဟုတ်တာလုပ်သည့် ကိစ္စအတွက် ကိုယ့်ဘာသာလိပ်ပြာလုံအောင် အသုံးချနေသည်ကိုသာ တွေ့ကြရမည် ဖြစ်ပါသည်။ မဟုတ်တာလုပ်မိလျှင် လိပ်ပြာငယ်ကြရပါမည်။ လိပ်ပြာမလုံ ဖြစ်ရပါလိမ့်မည်။ လိပ်ပြာလုံအောင် ထိုစကားပုံများနှင့် လိပ်ပြာချုံထားလိုက်ခြင်းသာ ဖြစ်နေပါလိမ့်မည်။ မကောင်းတာ လုပ်နေသည်ကိုပင်လျှင် လိပ်ပြာလုံသွားပြီဆိုတော့ စာရိတ္တပျက်ခြင်းတွင် ဆုံးခန်းတိုင်သွားပြီဟု ဆိုကြရပါတော့မည်။

သိက္ခာနှင့် လိပ်ပြာ

တာမွေမြို့နယ် မဂ္ဂဇင်း၊ ၉၄

**ရိုးဖြောင့်မှု အရင်းအနှီး**

အခြားအခြားသောအရင်းအနှီးများကို တန်းတူညီမျှလူတိုင်းမရနိုင်စေကာမူ

ရိုးဖြောင့်မှုအရင်းအနှီးကိုတော့ဖြင့် မည်သူမဆိုလိုချင်လျှင်ရနိုင်ပါသည်။

ရိုးဖြောင့်မှု အရင်းအနှီး

**ရိုးဖြောင့်မှု ဂုဏ်**

လူငယ်များအနေနှင့် အတတ်ပညာ၊ အသိပညာ၊ ကျွမ်းကျင်မှုစွမ်းရည်တို့တွင် တစ်ယောက်နှင့် တစ်ယောက် မတူနိုင်ကြပါ၊ အကန့်အသတ်ရှိနိုင်ကြပါသည်၊ သို့သော် ရိုးဖြောင့်မှုတွင်ကား မည်သူမဆို အစွမ်းကုန်ရိုးသားနိုင်ခွင့် ရှိကြပါသည်။ ထိုရိုးဖြောင့်မှုဂုဏ်ကို ရအောင် ကြိုးပမ်းလျက် အရင်းအနှီး ထူထောင်နိုင်ပါလျှင် ကြာလေ အမြတ်ထွက်လေ ဖြစ်လာလိမ့်မည်။

ရိုးဖြောင့်မှု အရင်းအနှီး

**ကျွမ်းကျင်သည်ဟူသော ဂုဏ်**

အထက်တန်းကျလိုလျှင် မပြည့်စုံသူစိတ်မျိုးမမွေးပါနှင့် ။

လူလည်ဟူသော ဂုဏ်မျိုးကိုမမက်သင့်ပါ။

ကျွမ်းကျင်သည်ဟူသော ဂုဏ်မျိုးကို မက်သင့်ပါသည်။

လူငယ်နှင့် ဤပညာ

### ချစ်နေရုံနှင့် ပြီးသည်မဟုတ်

သားသမီးများက မိဘအပေါ်မှာ သြော် သူတို့ဟာဖြင့် ငါ့မိ၊ ငါ့ဖပါကလားဆိုပြီး ချစ်နေရုံနဲ့ ပြီးတာမဟုတ်ဘူး။ သြော် ငါ့မိ ငါ့ဖများဟာဖြင့် ဆင်းရဲသည် ချမ်းသာသည်ကို အပထား အရပ်ရပ်သော လက္ခဏာများနဲ့ သားသမီးကို ဂုဏ်တက်စေသည်တကားလို့ ကြည်ညိုရမှကောင်းတယ် မဟုတ်လား။ အဲဒီလိုပဲ သားသမီးများအပေါ်မှာလည်း ကိုယ့်သား၊ ကိုယ့်သမီးရယ်လို့ ချစ်နေရုံနဲ့ ပြီးတာမဟုတ်ဘူး။ သြော် ငါ့သား၊ ငါ့သမီးဟာဖြင့် မိဘရဲ့ ဂုဏ်ကိုဆောင်နိုင်ဖို့ ကြိုးစားရှာပေတကား ရယ်လို့ ကြည်ညိုရမှကောင်းနိုင်တယ် မဟုတ်လား။

သူတို့လေးတွေရဲ့စာ

သရဖူ၊ ဇွန် ၉၄

### အကျင့်မှန်

ပညာရှိတစ်ယောက်ဖြစ်လာရန် အတွေ့အကြုံမှ အတွေးအကြံသာလျှင်မက အကျင့်အမှန်ကိုလည်း လိုအပ်သည် ဟုထင်မိသည်။

အတွေ့အကြုံနှင့်အတွေးအကြံ (ဉဿာ၊ နိုဝင်ဘာ၊ ၉၀)

### ပြဿဒါးနှင့် ရက်ရာဇာ

ကိုယ်ရပိုင်ခွင့်မဟုတ်တဲ့ မရထိုက်တဲ့အခွင့်အရေး ၊ မရထိုက်တဲ့ငွေကြေး ကိုယူကိုမယူနဲ့။ (အဲဒါပြဿဒါးပဲ)

ပြဿဒါးပိုက်ဆံကို မရှာနဲ့။ ရက်ရာဇာ ပိုက်ဆံကိုရှာပါ။ ရသင့်ရထိုက်တဲ့ ရက်ရာဇာပိုက်ဆံကိုရမှ မောင်ရင်လည်းရာဇာဖြစ်နိုင်မှာပေါ့။ နို့မဟုတ်ရင် ဘဝလည်း ပြဿဒါးဘဝကြီးဖြစ်သွားမှာပေါ့။

အမေ့

### ရွှေခေတ်လား၊ ရွံ့ခေတ်လား

လူငယ်တွေက သူတို့ရဲ့ လူငယ်ရွှေခေတ်ကြီးကို ထူထောင်ချင်ကြသည်။ အိပ်မက် မက်ကြသည်။ သို့သော် စာရိတ္တမခိုင်မာသော လူငယ်တွေ တိုးပွားလာလျှင်တော့ ရွှေခေတ်မဟုတ်ဘဲ ရွံ့ခေတ်ကြီးသာ ဖြစ်လာလိမ့်မည်။

သိက္ခာနှင့် လိပ်ပြာ

တာမွေမြို့နယ် မဂ္ဂဇင်း၊ ၉၄

### အရက်နှင့် အသက်

အရေးဟဲ့အကြောင်းဟဲ့ဆိုလိုက်လျှင် အသက်ကိုစွန့်ဝံ့ကြသော လူငယ်တို့သည် ရုပ်ဝတ္ထုကိုမက်မော သောကြောင့် အရက်ကိုစွန့်ကြသည့်ဘဝသို့ သက်ဆင်းကြတော့မည်လော ဆိုတာမျိုးကို ကျွန်တော်တွေးမိ လာသည်။ တကယ်တော့ ရှက်ကြောင့်အသက်ကို စွန့်သည်ဟူသောစကားသာရှိသည် ဟုတ်လား။ (အသက်ကိုစွန့်ဝံ့ကြသောလူငယ်တို့သည်) ကိုယ့် ဂုဏ်သိက္ခာကို ထမင်းနှင့်လဲစားကြတော့မည်လော၊ အဝတ်မစားနှင့်လဲပြီး ဝတ်ကြတော့မည်လော ဆိုတာမျိုးတွေကို စဉ်းစားရမည့်အချိန်သို့ ရောက်မှန်းမသိ ရောက်လာနေပြီဖြစ်သည်။

သိက္ခာနှင့် လိပ်ပြာ

တာမွေမြို့နယ် မဂ္ဂဇင်း၊ ၉၄

## နိုးတာဟာ နိုးတာပါ

ဟိုအရင် လက်ဝဲဝါဒ အဲ ပစ္စည်းမဲ့တော်လှန်ရေးဆိုတာမျိုးတွေ ရေပန်းစားနေစဉ်ကာလက အရင်းရှင်စနစ်ဆိုးကြီးကြောင့် ဆင်းရဲသားနင်းပြားတွေဟာ မခိုးချင်ဘဲခိုးရ၊ မဆိုးချင်ဘဲ ဆိုးရတဲ့ အဖြစ်မျိုးတွေ ကြုံခဲ့ကြရတယ်။ အဲဒါတွေလည်း ဟုတ်ချင်ဟုတ်ပါလိမ့်မယ်။ ဒါပေမယ့် ဝတ္ထုတွေဘာတွေ ရေးတဲ့အခါကျတော့ ဝတ္ထုဆရာက လက်လိုက်ပြီး အဲဒီသူခိုးကိုပဲသနားလာအောင်၊ ခွင့်လွှတ်လာအောင်၊ ဂရုဏာသံနဲ့ ရေးတာမျိုးတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ကျွန်တော်ကတော့ မကြိုက်ဘူး။ ဘယ်သူခိုးပဲခိုးခိုး၊ နိုးတာဟာ နိုးတာပါပဲ။ စနစ်ကြီးကြောင့် ခိုးခြင်းကို ကျူးလွန်ရတာကို ပေါ်လွင်အောင် ရေးချင်ရေးပေါ့။ ဒါပေမယ့် ခိုးတာကို တရားသယောင်ယောင်မျိုးတော့ မရေးစေချင်ဘူး။

အောင်သင်း စဉ်းစားမိသမျှ

ရွှေ၊ ဩဂုတ်၊ ၉၃

## ကိုယ်မကြိုက်တာကို ကိုယ်ကလည်း မလုပ်နဲ့ပေါ့

ကိုယ့်လုပ်အားခကို ခေါင်းပုံဖြတ်တာကို မကျေနပ်လို့ တုံ့ပြန်တော်လှန်သူဟာ ကိုယ့်လုပ်အားနဲ့ ရတာမဟုတ်လဲ ဘာကြောင့်ယူချင်ရတာလဲ။ ကိုယ့်ရပိုင်ခွင့်ကိုအဆုံးရှုံးမခံနိုင်လို့ တွန်းလှန်တိုက်ခိုက်သူဟာ ကိုယ်ရပိုင်ခွင့်မရှိတာကိုလည်း မယူဘူးဆိုတဲ့ စာရိတ္တသတ္တိမျိုးမွေးနိုင်ရမှာပေါ့။

အောင်သင်းစဉ်းစားမိသမျှ

ရွှေ၊ ဩဂုတ်၊ ၉၃

## အပေါင်းအသင်း သန့်ရှင်းမှု

ပတ်ဝန်းကျင်သန့်ရှင်းမှုသည် ကျန်းမာရေးအတွက် အလွန်အရေးကြီးသကဲ့သို့ အပေါင်းအသင်း ပတ်ဝန်းကျင်သန့်ရှင်းမှုသည်လည်း စာရိတ္တကျန်းမာရေးအတွက် အလွန်အရေးကြီးလေသည်။

စာစီစာကုံး

## ကာကွယ်ထိုက်သူကို ကာကွယ်ပေးခြင်း

အကာအကွယ်ပေးအပ်တဲ့ လူတစ်ယောက်ကို သတ္တိရှိတဲ့လူတိုင်း၊ စွမ်းအားရှိတဲ့လူတိုင်းက ကာကွယ်ကြရတာဟာ လူ့ကျင့်ဝတ်လို့ ကျွန်တော် ယူဆပါတယ်။

စာပေ လူကြမ်းမင်းသား

## မိမိကိုယ်ကို မထိန်းသိမ်းသူ

မိမိကိုယ်ကိုစောင့်ရှောက်ထိန်းသိမ်းခြင်းမပြုသူသည်၊ သူတစ်ပါး၏အကျိုးစီးပွား၊ အခွင့်အလမ်းများကို ဖျက်ဆီးသည်။

စောင့်စည်းမှု

သင့်ဘဝ၊ ဇွန် ၉၅

## လောကကို စောင့်ရှောက်သော အရာ

လောကကြီးကို ပြိုကွဲပျောက်ပျက် မသွားရလေအောင် ထိန်ကွပ်ပေးထားသည့်အရာမှာ ကိုယ်ကျင့်တရားပင် ဖြစ်ပါသည်။ ထိုကိုယ်ကျင့်တရားကို ခိုင်မာစွာချမှတ်ပေးထားသည်မှာလည်း ဘာသာရေးပင် ဖြစ်သည်။

မြန်မာနှင့် သံဃာ ( ရွှေတိဂုံ ရေကြည်တော်အသင်း မဂ္ဂဇင်း )

## အကျိုးအကြောင်းနှင့် ဆန္ဒစွဲ

ကျွန်တော်တို့ ဂျီသြမေထရီပညာရပ်ကို သင်ကြားခဲ့ရခြင်း၏ ပဓာနရည်ရွယ်ချက်မှာ လက်သမား လုပ်စားဖို့မဟုတ်။ အင်ဂျင်နီယာတစ်ယောက်ဖြစ်လာဖို့ မဟုတ်၊ အကျိုးအကြောင်းသက်သေခိုင်လုံပါလျှင် (မိမိဆန္ဒစွဲကို ဘေးချိတ်ပြီး) အဆိုတစ်ခုမှန်ကန်ကြောင်း လက်ခံတတ်ဖို့ စိတ်ကို လေ့ကျင့်ခြင်းဖြစ်သည်ဟု ဆိုသင့်ပါသည်။

အကျိုးအကြောင်းဆိုသည့် ကိစ္စ

ဟန်သစ်

## နည်းနည်းဖတ်၊ များများစဉ်းစား

အများကြီးဖတ်ပြီး နည်းနည်းမှမစဉ်းစားရင် ဗဟုသုတများတဲ့ လူညံ့တစ်ယောက်ပဲဖြစ်နေမှာပေါ့။

အများကြီးစဉ်းစားပြီး ရေးထားတဲ့စာအုပ်ကောင်း နည်းနည်းလောက်ကိုဖတ်ပြီး

ကိုယ်တိုင်ကများများစဉ်းစားနိုင်ရင် ပိုကောင်းတယ်ဗျ။

(ဆရာ မြို့မမောင်၏ ဩဝါဒ)

ဆရာမြို့မမောင်နှင့် ကျွန်တော်

ပေဖူးလွှာ

## စကားလုံးကြီးများ၏ အန္တရာယ်

ကြီးကျယ်၍ ထည်ဝါခမ်းနားလှသော စကားလုံးကြီးများသည် လူငယ်များ၏စိတ်ကို အလွန်တက်ကြွ စေလျက် မှန်မှန်ကန်ကန်ဖြစ်အောင်စဉ်းစားရာတွင် အနှောင့်အယှက်ဖြစ်စေကြောင်း သတိပြုစေလို၍ ရေးသားလိုက်ရပါသည်။

ကြုံခဲ့ရပုံများ

စံပယ်ဖြူ

## အတွေး စနစ်ကျခြင်း

အတွေးရဲသည်ဟူသော စကားမျိုးကို ကျွန်တော်အထင်မကြီးပါ။ အတွေးစနစ်ကျသည် ဟူသော အဖြစ်မျိုးကိုသာ အထင်ကြီးပါသည်။ စနစ်မကျသောအတွေးရဲခြင်းမျိုးသည် တွေးသူ၊ ရေးသူ ကိုသာမက ဘေးလူကိုပါ အန္တရာယ် ဖြစ်စေတတ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ကျွန်တော့်မျှော်လင့်ချက်

ပေဖူးလွှာ၊ မေ၊ ၈၇

## ခဏလောက် ရပ်ပြီး စဉ်းစားခြင်း

မက်လုံးပေးလိုက်၊ လှန့်လိုက်နှင့်လုပ်စားကြသူများ၏ ခေတ်မှာ မကုန်နိုင်လောက်အောင်ကို ဖြစ်နေပါတော့သည်။ ရွှေကို ပွားပေးမည်ဟု အယုံသွင်းပြီး ရွှေကို လိမ်ယူသွားတာတွေ၊ ပျောက်စေဆရာ ဆိုတာမျိုးတွေ မကြာခဏ ကြားနေရပါသည်။ ဤသည်မှာ ခဏလောက်ကလေး ရပ်ပြီး ကျိုးကြောင်း ဆင်ခြင်လေ့ မရှိသောကြောင့် ဖြစ်ပါသည်။ ဆန္ဒစွဲကင်းသော စဉ်းစားဆင်ခြင်မှုမျိုး ရနိုင်ရန်မလွယ်လှကြောင်း ကျွန်တော် သိပါသည်။

သို့သော် ခဏလောက်ရပ်ပြီး စဉ်းစားလိုက်ချင်သည့်အလေ့မျိုးကို ထူထောင်နိုင် လျှင်တော့ အလွန်ကောင်းသည်ဟု အောက်မေ့မိပါသည်။

အောင်သင်း စဉ်းစားမိသမျှ

ရွှေ၊ စက်တင်ဘာ၊ ၉၃

## သေရမှာထက် ကြောက်တဲ့ ကိစ္စ

အချို့ကိစ္စများကို ခဏလောက်ကလေး ကြောင်းကျိုးဆက်စပ်ပြီး စဉ်းစားလိုက်မည်ဆိုလျှင် ယုတ္တိရှိကြောင်း၊ ယုတ္တိမရှိကြောင်း သိလိုက်နိုင်ပါသည်။ (သို့သော် မစဉ်းစားချင်ကြပါ။) ထို့ကြောင့် အချို့သောပညာရှိကြီးများက လူတွေ အကြောက်ဆုံးသော အရာမှာစဉ်းစားခြင်း ဖြစ်သည်ဟု ဆိုခဲ့ကြခြင်းဖြစ်ပါသည်။ ကမ္ဘာကျော်ဒဿနပညာရှင်ကြီး ဘာထရန် ရပ်ဆယ်လ်က လူအားလုံးလောက်နီးနီးမှာ စဉ်းစားရမည်ကို သေရမှာထက်ပိုကြောက်ကြသည်။ ထို့ကြောင့် မစဉ်းစားဘဲ သေကုန်ကြခြင်း ဖြစ်သည်ဟုရက်ရက်စက်စက် ပြောခဲ့ခြင်းမှာ မလွန်လှဟုအောက်မေ့မိပါသည်။

အောင်သင်း စဉ်းစားမိသမျှ

ရွှေ၊ စက်တင်ဘာ၊ ၉၃

## ကိုယ်ညံ့လျှင် ညံ့မှန်းသိ

ကိုယ်ညံ့တာကို သိအောင်ကြိုးစားရမယ်

ကိုယ်ညံ့နေတာကို ညံ့မှန်းမသိရင် ဘယ်တော့မှ မတိုးတက်ဘူး။

အမွှေ

## ရှက်စရာကို ရှက်တတ်ရမှာပဲ

သမိုင်းကို ပြန်ပြီး လေ့လာလို့ ရှက်စရာတွေ့ရင်

ကိုယ့်လူမျိုး ညံ့ခဲ့တာတွေ ပြန်တွေ့ရင် ရှက်ကို ရှက်ရမှာပဲ။

ရှက်စရာကို ရှက်ရမှန်းကို မသိတာက ပိုပြီးရှက်စရာ ကောင်းတယ်၊

အဲဒီလို ညံ့တဲ့အဖြစ်မျိုးကို နောက်ထပ်မရောက်ရအောင်

တစ်မျိုးသားလုံး တက်ညီလက်ညီကြိုးစားကြရမှာပဲ မဟုတ်လား။

အောင်သင်း၊ စဉ်းစားမိသမျှ

ရွှေ၊ အောက်တိုဘာ၊ ၉၃

## အကောင်းဆုံး ဝေဖန်ရေး

ဝေဖန်ရေးတကာတို့တွင် မိမိကိုယ်မိမိဝေဖန်ရေးကား အကောင်းဆုံးဝေဖန်ရေး ဖြစ်သောကြောင့် ထိုဝေဖန်ရေးကို ပြုလုပ်ကြပါဟု လူငယ်များအားတိုက်တွန်းလိုက်ရပါသည်။

အကောင်းဆုံး ဝေဖန်ရေး (သရက်မြို့နယ် မဂ္ဂဇင်း၊ ၉၅)

**ပြောသူနှင့် ပြောသည့်စကား**

(ကျိုးသင့်ကြောင်းသင့် စဉ်းစားကြပြီဆိုလျှင်) ဘယ်သူပြောသလဲဆိုတာထက် ပြောတဲ့စကားရဲ့ တန်ဖိုးကိုသာ စဉ်းစားသင့်ကြတယ်။

မျိုးဆက်သစ်

**အလင်္ကာနှင့် အကျိုးအကြောင်း**

စကားချေတင် ကျိုးသင့်ကြောင်းသင့် ဆွေးနွေးကြပြီဆိုလျှင် အလင်္ကာစသည်တို့ကို ပဓာနမထားဘဲ အတိုဆုံး အရှင်းဆုံးနည်းဖြင့်သာ ပြောဆိုဆွေးနွေးအပ်ပါသည်။

ရန်သူ မဟုတ်ပါ

ပေဖူးလွှာ၊ မေ၊ ၈၆

**အတွေးမျက်နှာလိုက်မှု**

ငါတို့တစ်တွေက သူများတွေဖြစ်ရင် ကိုယ်လည်း ဖြစ်နိုင်တယ်ဆိုတာကို ကောင်းတဲ့ကိစ္စမျိုးတွေမှာကျတော့မှ တွေးမိတတ်ကြတာ။ သူများ ထီပေါက်ရင် ကိုယ်လည်း ပေါက်နိုင်တယ်လို့တွေးတယ်၊ ထီထိုးကြတယ်။ ဒါပေမယ့် သူများ ကားတိုက်ခံရရင် ကိုယ်လည်းကားတိုက်ခံရနိုင်တယ်ဆိုတာမျိုးကိုတော့ မတွေးမိဘူး။

သူများဖြစ်ရင် (တစ်ခါတုန်းက တပည့်တွေ)

**ရုပ်ရှင်ကြေးမုံ (၈၉)**

လက်ခုပ်သြဘာ မျှော်လင့်မှု ၊ ပတ်ဝန်းကျင်၏ ချီးမွမ်းမြှောက်စားမှုဟူသော ဆုလာဘ်ကို မျှော်ကိုးသဖြင့် မိမိ၏ ဦးနှောက်နှင့် နှလုံးသားကို သစ္စာဖောက်ခြင်း မဖြစ်စေအပ်။

ရှက်စရာကောင်းပါသည်

စံပယ်ဖြူ၊ မတ်၊ ၈၆

**ဆွဲဆောင်ခြင်းနှင့် အမှန်တရား**

အမှန်တရားကို ပရိသတ်သိအောင် အားထုတ်ခြင်းနှင့် ပိရိသတ် မိမိအလိုသို့ ပါလာအောင် ကြိုးပမ်းခြင်းတို့သည် တူမယောင်နှင့် ကွဲသည်ဟု ကျွန်တော်ယူဆပါသည်။ အမှန်တရားဆိုသည်မှာ သူ့ကိုယ်တိုင်ကပင်လျှင် ဆွဲဆောင်နိုင်သော စွမ်းအားကြီး ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် ရိုးသားစင်ကြယ်သောသူတို့ အရေးကြီး ကြိုးစားကြသည်မှာ အမှန်တရားကို ပေါ်လွင်အောင်တင်ပြရန်သာ ဖြစ်သည်။

သင်္ဂါရဝသုတ်

စံပယ်ဖြူ၊ ဧပြီ၊ ၈၆

**မဆွေးနွေးအပ်သူ**

ဘုရားရှင်ကတော့ အကြောင်းအရာအားဖြင့် ကိုယ့်ဘက်ကမှန်နေသည်ပဲထားဦးတော့ နိုင့်ထက်စီးနင်း ပြောဆိုဆွေးနွေးတတ်သူတို့ကို မဆွေးနွေးသင့်သောသူများဟု သတ်မှတ်ပါသည်။

ကထာဝတ္ထု

စံပယ်ဖြူ၊ ဒီဇင်ဘာ၊ ၈၅

## ကြောက်တတ်တဲ့ ဦးနှောက်

ဘဝကို အမှတ်မဲ့ကုန်ဆုံးသွားစေတဲ့ လူငယ်တွေဟာ များသောအားဖြင့် ပျော်စရာကောင်းတဲ့ စာမျိုးတွေကိုသာ ဖတ်ချင်ကြတယ်။ စဉ်းစားစရာကောင်းတဲ့စာမျိုးတွေကို သိပ်မဖတ်ချင်ကြဘူး။ သူတို့ရဲ့ ဦးနှောက်က "စိန်ခေါ်ခြင်း" ကို လက်မခံနိုင်ကြဘူး။ သူတို့ဟာဖျော်ဖြေမှုကိုသာ အစဉ်မွတ်သိပ်တောင့်တ နေတတ်ကြတယ်။ မျိုးဆက်သစ် တိုးတက်ရစ်ဖို့ ဤစာအုပ်ကို ဖတ်ပြီးချိန်တွင် သင့်၌ပြောစရာစကား တွေးစရာ အတွေး ရေးစရာ အကြောင်းများ ဖြစ်ပေါ်လာပါလိမ့်မည်။ ထို့ကြောင့် သင့်၏ ကိုယ်ပိုင်အတွေးအမြင်များကို ကျန်သည့်စာမျက်နှာပေါ်တွင် ချရေးကြည့်စမ်းပါ ..... ။